အနုသာသနဆုံးမစာ ခေါ်

# ဂမ္ဘီသာရပျို့

ခက်ဆစ်အဓိပ္ပါယ်နှင့် စကားပြေ

ရေးသူ-ရွှေမြိုင်မြင့်စိုး

အာရှစာအုပ်တိုက်

၁၂၄-မဂိုလမ်း နှင့် ဖရေဇာလမ်း ထောင့်
ရန်ကုန်မြို့။

၃၉၂၃

အနုသာသနဆုံးမစာ

# ဂမ္ဘီသာရပျို့

ခက်ဆစ်အဓိပ္ပါယ်နှင့်စကားပြေ

ရေးသူ-ရွှေမြိုင်မြင့်စိုး

အာရှစာအုပ်တိုက်

၃၂၄-မဂိုလမ်းနှင့် ဗိုလ်ရေကာလမ်းထောင့်

ရန်ကုန်မြို့

# (၀) အာရှအာသီသ (၀)

ဆာရှသမိုက်။
စာအုပ်တိုက်မှ။
ရိုက်နှိပ်စာမူ။
ကျမ်းသုဆူကို။
ဝယ်ယူဖတ်ကြ၊
များမိတ္တသည်။
အာရှခေါ်မည်။
ရှေ့ဥဒည်မှ။
စတည်ထွက်လာ။
လင်းရောင်ဝါသို့။
ပညာထွန်းထိန်-
လင်းစေသောဝ် ......။

# နိဒါန်း

၁။ တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းသဘောသို့ ရောက်နိုင်သည့် ဂမ္ဘီသာရပျို့ ခက်ဆစ်အဖြေကောင်းတခု ဖြစ်မြောက်ရန်။

၂။ အပိုမသွင်းဘဲ၊ လိုရင်းစကားပြင် အဓိပ္ပာယ်သို့ ရောက်နိုင်သည့် ဂမ္ဘီသာရပျို့ စကားပြေကောင်း တခု ပေါ်ပေါက်ရန်၊

၃။ စာသင်ပျိုနု၊ အခြေကိုစုဆောင်းခါစ၊ ကျောင်းသားသူငယ်များမှာ၊အချို့ သမားဂုဏ်ပြု အဖြေဆရာများ၏၊ ရှည်လွန်း-ခက်လွန်း-နက်နဲလွန်း-ကျယ်ဝန်းလွန်းသော ခက်ဆစ်အဖြေစကားပြေများကို ဘတ်ရှုရသဖြင့် စိတ်နှလုံး ငြီးငွေ့ကြကာ၊ စာမေးပွဲအတွက် တိုက်ရိုက်အသုံးဝင်သော တိကျပြတ်သား တိုတောင်းသော ခက်ဆစ်အဖြေများကို လိုလားတောင်းတနေသည်ကို။ကျွန်ုပ်ကိုယ်တိုင် စုံစမ်း၍သိရှိရသဖြင့်၊ဂမ္ဘီသာရပျို့ခက်ဆစ်အဖြေနှင့်စကားပြေအတွက်တွေဝေနေကြသော ကျောင်းသားကျောင်းသူများ၏ အလိုအာသာကို ရာနှုန်းအပြည့်ဖြည့်ပေးရန်ဟူသော ရည်ရွယ်ချက်များဖြင့် ဤဂမ္ဘီသာရပျို့ ခက်ဆစ်အဖြေနှင့် စကားပြေကို ကြိုးပမ်း၍ ရေးသားရခြင်း ဖြစ်သည်။ ဂမ္ဘီသာရပျို့မှာ လောကဓမ္မရေးဇာမကျန်၊ဝတ်သုံးတန်ကုံ၊ ရည်သန်ညွှန်ပြ၊ ဆုမ္မသွန်သင်အပ်သော ပျို့ကောင်းတခုဖြစ်၍၊ ခက်ခဲဆန်းကြယ်သော အဓိပ္ပာယ်ထူး ဘာသာထူး ပါဠိမဂဓနှင့် ပေါရာဏ၊ ဝေါ

# နိဒါန်း

ဟာရကူးများဖြင့် တန်ဆာဆင်၍ရေးစပ်ထားရာ-အနက်အဓိပ္ပာယ်များမှာ အလွန် နက်နဲ၍အလွယ် တကူသိနိုင်ရန်လွန်စွာခက်ခဲလှပေသည်။

ဤဂန္ထဝင်သာရပျို့ခက်ဆစ်အဖြေကိုကြည့်ရှုသွားလျှင်စာကိုယ်ပုဒ်ရင်းပါ စကားလုံးများမှာအဘယ်မျှသိနိုင်ခဲ၍အဓိပ္ပာယ်ငုပ်လျှိုးသည်ကို လက်ငင်းသိရှိလာကြလိမ့်မည်။

ဤခက်ဆစ်အဖြေကျမ်းသည်ငုပ်သောအဓိပ္ပာယ်၊သိနိုင်ခဲသော ပုဒ်ရင်းစကားများကို လောကီလောကုတ္တရာနှင့်စပ်သော၊ ဝေါဟာရလိနတ္ထဒီပနီ၊ ဝေါဟာရတ္တပကာသနီ၊ ပေါရာဏဘာသာသက်ပ'ကပိသက္ကတာဒိဝနီ၊ အဘိဓာနတ္ထပိသောဓနီ၊ ပါဠိအဘိဓာန်၊ လောကနီတိ၊ ဓမ္မနီတိ၊ ရာဇာနီတိ၊ ပျို့၊ ကဗျာ၊ လင်္ကာ၊ မော်ကွန်း- ဧချင်း ရတု အမျိုးမျိုးနှင့် စာပေကျမ်းဂန်အမျိုးမျိုးကိုကြည့်ရှု၍ လွယ်ကူစွာ မှတ်သားနိုင်ရန် ရှင်းလင်း ပြဆိုသားစွာရေးသားထားသော အဖြေကျမ်းကလေး တခု ဖြစ်၍ သုတေသနသုဘာဂဝေသီများနှင့် ကျောင်းသူ ကျောင်းသားကလေးများသည်၊ (ဂန္ထဝင်သာရပျို့)ခက်ဆစ် စကားပြေ ကျမ်းငယ်ကို၊ အရသာရှိရှိ၊ ပီတိနှင့်လုံး၊ တသက်လုံးတွင် ရွှင်ပြုံးမပျက်၊ လေ့ကျက်မှတ်သား၊ ဆောင်ထားနိုင် ကြပါစေကုန်သတည်း။

ရွှေမြိုင်-မြင့်စိုး

၂၀-၈-၅၀-

# ရှင်မဟာရဋ္ဌသာရအကျော် ဆရာတော်၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

၁။ အာဝဇ္ဇနန်းကိုသိမ်းမြန်း စိုးစံတော်မူသော။ နတ်ယ မင်းခေါင်လက်ထက်၊ သက္ကရာဇ် (၈၃၀) ပြည့်နှစ်တွင်၊ နောင်အခါ ရှင်မဟာရဋ္ဌသာရ အကျော် ဆရာတော်-ဟု မြန်မာစာပေသမိုင်းတွင်။ ထင်ပေါ်ကျော်ကြားမည့်၊ ထူးမြတ်သော သတ္တဝါသားကို၊ ဘွားမြင်တော်မူသည်။ ငယ်မည့်မှာ-မောင်မောက်တည်း။

ခမည်းတော်ကား။ ။ဟာ သာဝတီတွင် မင်းပြုသော ရှင်စောပု၏။ တူသမက်ဖြစ်သော၊ ပုသိမ်မြို့စား။ ဗညားအိန်၏။ မြေးတော်ဖြစ်သည်။

မယ်ခတော်ကား။ ။အာဝမြို့တည် သတိုးမင်းဖျား၏ သွို့တော်စောနန်း၏။ မြစ်တော်ဖြစ်သည်။

၂။ ထိုရှင်မဟာရဋ္ဌသာရအလောင်း၊ မောင်မောက် ခေါ်သော သတ္တဝါသားသည်။ နန်းတော်ပေါ်၌။ ကြီးမြင့်ရသူ ဖြစ်သည့်အလျှော်။ အသက်-၅ နှစ်အရွယ်-ကလေးသူငယ် ဘဝကပင်။ ဆွေတော်မျိုးတော်ဖြစ်ကုန်သော။ မင်းသား မင်းသမီးတို့နှင့်သာ နန်းတော်ထက်မှာ။ ပျို့ကဗျာ များကို သင်ကြား လေ့ကျက် ရ၏၊ စစ်ကိုင်းမြို့။ သီဟိုဠ်ရောက်

ဘုန်းတော်ကြီးစသော ဆရာကောင်းတို့ထံ၌၊ ပညာသင်ကြားဆည်းပူးသဖြင့် စာပေကျမ်းဂန်အရာတွင်၊ထက်ကမ်းရောက်။ တတ်မြောက်တော် မူလေသည်။

၃။ ထိုပုဂ္ဂိုလ်ကျော်သည်။ ရဟန်းအဖြစ်သို့မရောက်ခင်။ သက်တော်-၁၂နှစ်အရွယ်ကပင်၊ မင်္ဂလာ စေတီတန်တားဦးတည့် မော်ကွန်းကို စပ်ဆိုတော်မူခဲ့လေသည်။ အသက်-၁၆ နှစ်အရွယ်၌။ ပညာရှိတို့ နှစ်မျိုသော ဘူရိဒတ်လင်္ကာကြီးကိုဎင်း စပ်ဆိုတော်မူသည်။ ရဟန်းအဖြစ်သို့ရောက်ပြီးနောက်၊ အသက်- ၂၆ နှစ်၌၊ ဘူရိဒတ်ဇာတ်ပေါင်းပျို့ကိုဎင်း။ သက်တော် ၅၅-နှစ်အရွယ်တွင်၊ စတုဓမ္မသာရ ကိုးခန်းပျို့ကိုဎင်း။ စပ်ဆိုတော် မူသည်။ ဎင်းပြင် ပုံတောင်နိုင်မော်ကွန်း။ ဓတ်ရုံတော် ကျောင်းဘွဲ့မော်ကွန်း။ အနုသာသနဍ္ဍ ဂမ္ဘီရသာရ မျိုးများကိုလည်း။ ရွှေနန်းကြော့ရှင် ဘုရင်နရပတိမင်း လက်ထက် တော်၌၊ စပ်ဆိုတော်မူသည်။

၄။ ထိုပုဂ္ဂိုလ်ကျော်သည်။ အဝ ပျက်၍၊ ပြည်မြို့သို့ ရောက်လျှင်။ သာသနာပိုင် ဆရာတော် ဖြစ်တော် မူလေသည်။ သက်တော်-၆၁ နှစ်။ ပြည်ဘုရင်ထွေးလက်ထက်တွင်။ ဎင်းဘုရင်သည် သံဝရမင်းသားနှင့်တူခြင်းကြောင့်။ ထိုမင်းသားကို အကြောင်းပြု၍။ သံဝရပျို့ကို နောက်ဆုံးစပ်ဆိုတော်မူလေသည်၊ သက်တော်-၆၂-နှစ်မှာ ပြန်လွန်တော်မူသည်။ ဆိုခဲ့ပြီးသော ပျို့တို့မှတပါး ရတုအများကိုလည်း။ စပ်ဆိုတော်မူသည်။ ထိုဆရာတော် စပ်ဆို သမျှ

သော စာတို့သည်၊ အမြိန့်အဆို နှုပျို ယဉ်ကျေးဘွယ်ရာ အလင်္ကာ ဂုဏ်နှင့်လည်း ပြည့်စုံ၏၊ အစပ်အဟပ်လည်း ချောမောပြေပြစ်လှ၏။ အနှစ်သာရနှင့် ပြည့်စုံလှသဖြင့်- ကျမ်းပြုဆရာများသည်။ ထိုအသျှင်၏အစပ်အဟပ်-သတ်နည်း-သတ်ပုံတို့ကို အကိုးအကား ပြုကြလေသည်။

သျှင်မဟာရဋ္ဌသာရ-အဋ္ဌုပ္ပတ္တိ အကျဉ်းချုပ်ပြီး၏။

နမောတဿဘဂဝတောအရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

၁။ အနုသာသန။ ကျိုးကြောင်းပြပိမ့်။ မိဘရှေ့ညွှန်
ဆရာမွန်တို့။ ဝေဘန်ပဲ့ပြင်။ ကြားသင်သမျှ။ သြဝါဒကို။
နားဝဘန်လဲ။နာမရဲလျှင်။လွန်ကဲမိုက်ညွတ်။ ဆီးပူးတတ်သည့်၊
ကောင်းမြတ်ဇာတ၊ သားမွေးဘ။ ။သုံးမစကား။ ဤ
ကြောင်းလျှားကို။ မှတ်သားစိုက်စိုက်၊ ဝမ်းထဲပိုက်လော့။
စရိုက်သုံးလတ်၊ ကျင့်ဝတ်ထူးခြား။ လူသုံးပါးနှင့်။ မပြား
ရောဖွမ်း၊ ပေါင်းဘက်ကျွမ်းလည်း။ မဌမ်းမကော။သူ့သ
ဘောကို။ ။လိုက်လျောညီထွေ-ကျင့်တတ်စေ။

၂။ ပွက်ဆိုမှုသား။နှုတ်ချိုပျားနှင့်။စီးပွားလိုယောင်၊
ရုပ်ဆောင်လျက်၊မှားအောင်ပြစ်ရှာ။ ကြံထုတ်စွာသား။
မေတ္တာချည်းနှီး။ လူ့ခွေးမြီးနှင့်၊ တသီးတခြား။ တပါး
ဖြည့်ရွာ။ မရှောင်သာ၍။ မကွာပေါင်းဘော်၊ ပြုပြားသော်
သည်း။ အပေါကားယှဉ်။ အထဲကြည်၍၊ စိတ်ယှဉ်နှိပ်ချ။
အဝါဆ၍။ ကာလအလိုက်။ သူ့အကြိုက်ကို၊ ။စရိုက်
ညီထွေ-ကျင့်တတ်စေ။

၃၊ မျက်မြင်လောက။နှောင်ကာလဟု။ဘဝနှစ်ပါး၊
ကြံထောက်ထား၍။ စီးပွားမဟုတ်။ ခင်ပွန်းယုတ်ကို။ ခွါ
ဆုတ်ပေါင်းဘော်။ ဇုံလိုသော်လည်း။ ရှုမြော်တိုင်းတွဲ့
ရှေ့နောက်ငဲ့၍။ ပြစ်မဲ့ကြည်ရှောင်။ စွန့်ရအောင်လျှင်၊
ထတ်ခေါင်ကြံစည်။ ပညာဆည်၍။ ။အရှည်၄ထွေ
ဆင့်တတ်စေ။

၄။ အရှည်ထင့်လင့်၊အသင့်မြော်မြော်။ကြိုခေါ်လျှက်
လျှက်။ နှုန်းငှရက်သော့ဖြင့်။ ဆံတရစ်မျှ၊ အပြစ်မဲ့စွာ၊
လွှတ်ခွင့်သာမူ။ ကန္တာတောထဲ။ခရီးခဲဝယ်။ ကျွှားရဲ့ သစ်
ရှုး။ ဘီလူးသံဘက်။ ဘေးသူပျက်အား။ ရက်ရက်သော
ငွာ။ စွန့်လိုက်ခွါသို့။ မိတ္တာဘော်ပေါင်း။ သူမကောင်းကို၊
စဉ်ကြောင်းဝေး မြေ-လွှင့်တတ်စေ။

၅။ သူကြီးသခင်။ အရှင်တို့ဝယ်။ခိုင်းပယ်သမှု။အာ
မပြု၍။ ကြည့်ရှုဘန်ဆင်း။လူ့ခပင်းအား။ ဖြည့်တင်းသိမ်း
မွေး။ စားကျေးလယ်ယာ။ ခန့်သောခါမူ။ ပညာထောက်
ထား။ ရည်သွားကြောင်းလမ်း။ မေးရှုးစမ်း၍။ ပေးကမ်း
ဝေဘန့်။မစပဟန်လည်း။ ။ ယုတ်လွှန်သိထွေ-ချင့်ထတ်
စေ၊

၆။ ဖြစ်ခေါင့်ဖြစ်ခဲ။ နက်နဲဆင်ခြင်။ မြော်မြင် ရှေး
နောက်။ တစ်ခေါ်ထောက်သား။ စံမြောက်ဂုဏ်။ ပညာရှိ
လည်း၊နှုမ်နှုမြော၊ မရှေမပြွမ်း။ ရူးစမ်းမဲ့ဟန်၊မေ့လျှော့
ကျန်မူ၊ ဘော်ညွှန်ညည်သွား။ ငင်းစီးပွားကြောင့်၊ ထေဒ္ဓ
ထားနိုင်းမှည့်၊ မင်းရိပ်ကြည့်၍။ မင်း၏စိတ်ညာဉ်။ ရှင်မြူး
စဉ်ဝယ်၊ဆိုလျှာဉ်ဆိုခွင့်၊အချိန်လင့်၍။ ။ချီးမြှင့်မြောက်ထွေ
မြှင့်တတ်စေ။

၇။ မှည့်ခေါ်မည်ရည်။ ဆင့်ခုံတည်၍။ နှုတ်ချည်ပေါ်
လျှံ။ ပွဲအာထံဝယ်။ အသံဖြစ်ကာ။ ပြောပရှာသား။ ဝါစာ
ချိုပျား။ သူ့စကားကို။ အားမကျဆန်း၊ မျက်နှာပန်းဖြင့်၊
ရှင်လန်းမြူးရယ်။ အကယ်ကယ်သို့၊ ဇယ်ဘယ်ပြော

ဧဘာဝ်။ ပြုငြားသော်လည်း၊ နာဧပျော်စရပ်။ ရိပ်ခြည်မြုပ်
၍။ စက်ဆုပ်ထဲ့ခွါ၊ တို့စိတ်မှာကို။ ။သိသာမဲ့ထွေ
ကျင့်နိုင်စေ၊

၈။ ဝါသနာထွတ်။ ကောင်းရာ ညွှတ် သား။ သူ
မြတ်တို့နှင့်။ အကြိမ် သင့်၍၊ ဆိုဆွင့်ဆိုရာ၊ ရှိသောခါမူ။
သုဘာသိတာ။ ပိယဓမ္မာ၊ သစ္စာဟုတ်မှန်၊ အင်လေးဘန်နှင့်
ပြုညွှန် ထုံးကောင်း၊ မကြွားတောင်းကို၊ ကျိုးကြောင်း
ညီစွာ။ ဉာဏ်ပညာဖြင့်။ ။မိဘ်ဖြာခွဲဝေ-ယှဉ်နိုင်စေ။

၉။ မနော်ဟာရ။ လူ့ဘုံကျော့သို့။ မြင်ကတိမ်းညွှတ်။
သည်းအရှုပြတ်ချ။ ဆွတ်ဆွတ်ကြင်ဘွယ်။ ဆင်းနိုကာယ
ဖြင့်။ တင့်တယ်ရုပ်သွင်၊ အထွဘ်ဘင်သည်။ ဖြစ်ကျင်ဘ
စား။ထွေပြားစွန်းငြိ၊ပညာရှိတို့၊ ဘေးတိပြစ်တင်၊ ရောက်
မည့်ထင်မူ၊ ဆံမျှင်ထေသံ့၊ မဖျံစသာ၊ဆိတ်ကွယ်ရာ၌။
ရှောင်ခွာမအား။ထွေမြင်ငြားလည်း။လူသားစားထက်၊ဘီ
လူးမှတ်၍။ မညွတ်စေရ၊ စိတ်သောဘာကို။ ။နိစ္စမြဲနှ-ဗျဉ်
နိုင်စေ။

၁၀။ ဟိရိဩတ္တပ်၊စောင့်ကြပ်မကင်း။လူခပင်းအား၊
သခင်းညာကြော။ ကြွားလေသဖြင့်၊သင့်မသင့်ဟု။မတင့်မ
တယ်။ရက်ကြောက်ဘွယ်တည့်။ငြိတွယ်ပြစ်တင်။ ဆိုလိမ့်
ထင်မူ။ ပည်းဖြင်တွက်ရေ။ အထွေထွေသား။ ရွှေငွေအတိ၊
ထောင်ရှိဟူလောက်။ ရှေ့ဝယ်ရောက်လည်း။ ညွှိဟောက်
ချွဲခန်း။မှတ်ထင်းပန်း၍။ ။တပ်စွန်းမဲ့ထွေ-ကြည်နိုင်စေ။

၁၁။ ငါးမည်သိတင်း။ အရင်းမှန်လှ။မြတ်ဗာရဟု၊

လောဘကြီးစွာ။ အတိဗ္ဗာကြောင့်။ ပညာမဲ့ငြား။ အကျင့်
မှားမူ။ ဆိုးတားမငုံ၊ ထုံးချုတ်အံ့ဟု၊ ကျုံတံ့မလွဲ၊ လက်နက်စွဲ၍
မောင်းမဲမြိမ်းချောက်၊ သူငါးယောက်လျှင်၊ ယှဉ်းဘောက်
ကြည့်မဲ့။ စောင့်သကဲ့ဘို့ ။တုန်လဲ့ လန့်ဘဝ်တ်။ ကြောက်သည့်
ဆိတ်ဖြင့်။ ပရိစ္စယ၊ ကိုယ်ကိုမ၍။ ဘိလကြည့်ဆုံး။ ဆောက်
တည်သုံး၍၊ ။နှလုံးမြဲနေ-ယှဉ်နိုင်စေ။

၁၂။ ဆိုဘွယ်တရား။ သူနှစ်ပါးလျှင်။ ပိုင်းခြားစိမ့်
၄ါ။ ကပ်ပေသာမူ၊ ဖြောင့်စွာဆိုးရိုး၊ သဘော ကိုးလျက်၊
တံစိုးဥစ္စာ၊မျက်နှာကြီးငယ်။ မရွယ်မထောက်၊ရှုံကြောက်
မဲ့တွန်။ မချွန်မောဟ၊ ဒေါသမရှု။ ဆုံးဖြတ်မှုလည်း။ မနှလမ်း
ဟောင်း။တမျဉ်းကြောင်းဝယ်။ တိမ်းစောင်းမရှိ။ သမာဓိ
ဖြင့်။ ။ဂတိမယွင်း-တည်စေမင်း။

၁၃။ အတိဂန္တိ ၊အင်ညီမြောက်များ၊ သူ့ရည်သွား
ကို။ မှတ်သား၊ ရှုမြော်။ လူသူတော်တို့၊ ရှင်ပျော်ဘန်လဲ၊ တွေ့
မရဲတည့်၊ ဆကဲလွန်ကျူး။ သူ့ထက်ထူးသား။ ကျေးဇူးအာ
နှစ်။ စုံသည့်ဖြစ်လျက်၊ ပွဲလယ်ချက်ဝယ် ။ ဘိုးနဂ်ဘုန်
ကောင်း။ အစွံနှောင်းသို့၊ ကံဟောင်းလှူကြွေး။ မမိုသေး၍။
ကြာနှုးခဲအင်၊ လွန်ငြိုငြင်ထည်း၊ ဓန်းပင်ပုဆား၊ ဗျာပါဒိ
တက်။ နေခင့်ရှက်မကြီ၊ လောကဝ ဋ္ဌ။ နိုယံ ၊ကွေ။ ဖြစ်ပမြဲ
ဟု။ သံဝေတရား။ ဘမ်းဝယ်ထား၍၊ တတ်အားသမျှ၊ ဟျုဒါ
နန္ဒိုင်။ သိလကြည်ညှိ၊ ချမ်းရိပ်ခို၍။ ။ကုသိုလ်နှိုးခုင်း—စည်
စေမင်း။

၁၄။ ဒါနသီလ။ နိစ္စခကျုန်၊ ဝိဋ္ဌာန် ရှင်ဖြိုး။ စောင့်

သောကျိုးလျှင်။မစိုးမရိမ်။ စည်းစိမ်ခိုင်မြဲ။ရည်တိုင်းပြီးမှု၊
ဆွေနီးမျိုးစပ်၊ထက်ကြပ်မကင်း၊ကျေးရင်းကျွန်ချာ၊မေတ္တာ
စိတ်စင်၊တိုင်ပင်နိုင်းချက်။ ပေါင်းဘက်တူနေ။ အဆွေခင်
ပွန်း၊ ၊ပုရှဟန်းအား။သမ်းမြန်းကြည့်ရှု။သဘိုဟ်ပြုလည်း။
တခုမကျန်။ သဘောမှန်လျက်။သူ့ပွန်ဘကာ။ စဉ်လာရှေ့
လမ်း၊ကျင့်မြဲတမ်းဖြင့်။ ။စိတ်ဝမ်းဖြောင့်စင်းကြည်စေမင်း၊
၁၅။ မကြိဖော်တ။ပြည်တန်မြန်နှင့်။သိဂ်ရွှေညာ။ရတ
နာလည်း။ အဝါလျှ လက်။ရောင်ခြည်ထွက်မှု၊ စုံမက်ဝဲချီး။
အဘိုးကြီး၏၊ တသီးဆိုဘွယ်။ လုတ္တိဝယ်ကား။ ကြီးငယ်
အးမျက်၊ စောင်းမာန်တက်မှု။ ပေါင်းဘက်ဘော်နည်း။
အများငြီး၏။ နည်းဗြိုးလက်သုံး၊ ဤသည့်ထုံးကို။ ယုကျုံး
ပိုက်သွင်း။ သားမယောင်မင်းလည်း။ ရန်ပြင်းနေ့ါသ။ စိတ်
နာဂကို၊ ။ဉာဏာချွန်းကွင်း-မြဲစေမင်း။
၁၆။ ရှေးကမကျွမ်း။သူစိမ်းရှမ်းကို။ဗူးစမ်းစာနာ။
လိမ္မာနားဝင်။ အကောင်း ထင်၍။ ဆင်ခြင်မရှိ။ သဲ့ဘိ
လွှတ်ထွေ။ပြောမိလေသား။မချေသူ့နား၊ကွယ်ငကားကို။
အများကြားအောင်။ ပြယ်သည့် ယောင်သို့။ ပွဲဘောင်ဆို
ထုံ့။တဘန်လှုံ့မှု။နှုတ်တုံ့မလှဲ့။မျက်နှာလွှဲ၍၊ ဝမ်းထဲထွေ
ငေါ်။မပွက်ဘော်တည့်၊ သည်သော်တမှု အခြစ်ဟူ၍။ ။
မှတ်ယူစိတ်ဘွင်း-ရှိစေမင်း။
၁၇။ ဆိုင်ပြိုင်အားအန်။လက်ငတန်မှု။ချစ်ဟန်ပေါ်
ကောင်း။ အထဲချောင်းလျက်။စည်းပေါင်းညီညွတ်။ တသ
မတ်ဖြင့်၊ယှဉ်းရွှတ်မရှိ။ ညီလေပြို့ကား။တစိရက်မုက်။ ဖြို

နှိုင်ခက်ချိုမွှန့်။ ရန်ဘက်ထိုသူ၊ သဘောတူတို့၊ အယူဘောက်
လွဲ၊ နှလုံးကွဲမှု။ မခဲတို့ဝယ်။ ဖျက်သောင်လွှယ်ဟု။ ဥပါယ်တ
မျဉ်း။ နက်စွာယှဉ်၍။ စိတ်ညာဉ်ကွေ့လည်း။ သူ့ကြံရည်ကို၊
ရိပ်ခြည်ဘမ်းခြင်း—မိစေမင်း။

၁၈။ ထဲပကွယ်မြင်။ မထင်နှစ်ထွေ၊ နိုတ္တုဖွေသို့။ မြေ
နေတံတစ်။ သဘောကျစ်သား။ ကျိုးပြစ်သိမြော်၊ မိတ်သူ
တော်နှင့်၊ ပေါင်းဘော်သော့အား။ သူနှစ်ပါး၏။ စီးပွား
တက်ဟန်။ မြင်လတွန်သော်။ မမှန်ယွင်းဘောက်။ နှလုံး
ကောက်တို့။ တဖျော့ဆိပ်ဆိပ်၊ ထဲစိတ်ဝန်တို၊ မရှုလို၍၊
နှုတ်ချိုခွန်းသာ။ ပျက်ကြောင်းရှာ၍။ မှာမှာမွှေချောက်၊ တ
ယောက်တပါး။ အယူမှားအောင်၊ စကားပေးငင်။ အာ
ကာယ်ပင်သို့။ ပြစ်တင်ပြည့်နှံ၊ ကျိုးလိုဟန်နှင့်။ ဆန်ကန်
နှုတ်ထား။ စကားသွယ်ဗိုက်။ ချင်းအကြိုက်ဖြင့်။ ကုံးတိုက်
ပြုသည်။ သူ့ဖျက်ရည်ကို။ ရိပ်ခြည်သြဇ။ တခွန်းဟာကား
ခဏချက်ခြင်း—သိစေမင်း။

၁၉။ မိတ်ရန်ပိုးဝါး။ သူတပါး၏။ ဒွက်ထားမြဲကျိုက်။
ထဲကြံစိတ်ကို။ တုံဆိုင်ကွယ်ရာ၊ ကြားပေလာမူ။ ဝမ်းသာ
အားရ။ နှောင်ကာလလည်း။ သိကာသည့်တူ။ ဆိုပါဟူ၍။
ပျူပျူငှာငှာ။ ချစ်မာယာနှင့်။ နှောင်ခါမရှောင်။ ဆိုချင်
အောင်လျှင်။ သွေးဆောင်နှစ်ထောင်း။ လှည့်ဖြားယောင်း၍။
နှုတ်ကောင်းဖြည်းညှင်း—သာစေမင်း။

၂၀။ လွယ်လင့်တကျ။ မယူအပြစ်။ မုန်းချစ်ပိုးဝါး၊
ထိုသူအားလည်း၊ ဆံဖျားလေသံ့။ မပျံ့ရအောင်၊ ကွယ်

ရှောင်ခဲခက်။ ရိပ်ခြည်ဖွဲ့ဘက်၍၊ ပြန်ပွက်မဆို။ ဝမ်းထဲသို
လျက်။သူလျှိုတမန်၊ ရောက်ဟန်ကွေ့လည်။ နက်ကြီစည်
ဖြင့်။ ကြားသည်သူ့နှုတ်၊ ဟုတ်မဟုတ်ကို။ ။အားထုတ်
စိုင်းဖြင်းနာစေမင်း။

၂၁။ သက်သခကျော။ အနေမကျ။ ဒုဟာမိုးဝါး။ နှစ်ပါး
တွေးယူ။ မှတ်သောသူ၏။ အမူအရာ။ကြောင်းချာစေ့ရေ၊
လုပ်ကြံထွက်၊ အနေကျကျ၊ သိပြီးမှတည်း။ တစမရှောင်။
ရွယ်တော ထောက်၍။ ရွံ့ကြောက်မဲ့တွန်၊ အရေးမွှန်လျက်။
ဘေးရန် ပျောက်လွင့်။ အကြည် ဖြင့်လျှင်။ အသင့် ကြံနိုင်။
အပြီးတိုင်အံ့။ ကြံ့ခိုင်နှလုံး။ ဤကျင့်ထုံးထည့်၊ လက်သုံး
အမြဲဆောင်သုံးစွဲ၍။ ။ဝမ်းထဲပိုက်သွင်း-ပါစေမင်း။

၂၂။ အဗ္ဗာရသ။သိပ္ပဓေရုံးဖုံး။အထူးထူးကို။သည်း
ပူးဘွေ့ရှာ၊သင်သောခါတုံ။ဆရာကောင်းထံ။ ကျိုးနွံတည့်
တည့်။ရိပ်ခြည်ကြည့်လျက်။ တပည့်ကျင့်ဝတ်။ ညီညွှတ်စွာ
မှု။ကုန်အောင်ပြု၍။အာယုဆုံးစွန်။ပြောင်းချိန်တန်မှ။ပြည့်ဍွန်
ရိပ်ခြည်၊ဆိုအံ့သည့်ဟု။ဆောက်တည်လျှို့ဝှက်။ဖြင်မထွက်
သား။သိခက်ခဲလှ၊ ကိလိဌကို။မှတ်ရနောင်အောင်။ချည်
စောင်နှိမ့်ချ။သည်းကပ်ခဲ၍။ ။နေ့ညမကင်း-တွေ့စေမင်း။

၂၃။ ထံချင်းထက်ကြင်။ မြဲသည်းကပ်မှ။ သုံး
ထင်ပါဟိ၊ကျမ်းရိုးမှိသား၊ရာသီအသံ၊လိတ္တာဘမ်းထွေ၊
အချေအထင်။အလျှင်အလျှား။အစားအမြှံ။အလှောက်
အနှော။ အရောအကျူ။ အယူအနှုတ်။ အကုတ်အကြည်း၊
ရေကျည်လှည်းသို။ တွက်နည်းသွင်သွင်။ သင်ပုန်းဖြင်၍။

မထင်အရေး၊ ဇော်ဖွေးမမြော်၊ မူးမော်ဘနန်း။ ကိန်းခန်း
အညီ။တိထိန္နက္ခတ်၊ ချင့်ဆုံးဖြတ်သား။ ပါဒ္ဒိဗိဇနာ။ ပြန်ခ
ရာဝယ်။မှန်စွာကြည့်လင်။အပြီးစင်သည့်၊ဗေဒင်အမှတ်။ဤ
အတတ်လည်း။ ။မပြတ်စင်းလျှင်း–လေ့စေမင်း။

၂၄။ အလိုက် အလိုက်။ လူတို့၌ဝယ်။ ကြွက်တိုက်
အနံ့ခတ်၊ဇယ်လွတ်ပြေးချို။ဗလီပြေးဘမ်း၊လက်ပမ်းလက်
ခွေ့၊ ကျင့်လေ့ကျင်လည်း။ ဆိုစသည့်တို့။ အရည်အစွမ်း၊
အတတ်သွမ်းဟု၊ မကျွမ်းမကျင်။ နားမဝင်မူ၊သဘင်ပွဲထံ၊
ရောမပြုံ့သော်၊ရှက်ရွံ့ဆုတ်ဆိုင်း၊ရိုင်းစိုင်းမတ်လတ်၊ဖြစ်တို့
တတ်စွ၊မလွတ်မချန်၊ဤရေးဟန်လည်း။ ။မကျန်မကြွင်း
စေ့စေမင်း။

၂၅။ နေခင်းဌာန၊ ကာလ မြော်ရူ၊ ရွေးချယ်ပြု
လျက်၊လွှယ်မှုမလျင်၊ဆင်ခြင်ကြံစည်၊ တို့ရည်ထေ့ထား။
စီးပွား တိမ်နက်၊ ယုတ်တက် ဘွေ့ရှာ။ တွေးစာနာလျက်။
ဥစ္စာပစ္စည်း၊ ပညာဆည်းလည်း။ ။ထန်သည်းမပြင်း–မွေ့
စေမင်း။

၂၆၊ ရမ္မက်ဒေါသ၊ မောဟမြေးယှဉ်၊ ပုထုဇ္ဇဉ်တို့၊
ရှောင်ကြဉ်ခဲစွာ၊ ကိလေသာကြောင့်၊ တခါတဖန်၊ အမှန်
မသိ၊မှားယွင်းမိမူ၊သတိလည်းပြု။ မကောင်းမှု၌၊အလာမြို
ညက်၊ဆံတဆွက်မှ။ ။လေ့ကျက်မဲ့လျှင်း–မေ့စေမင်း။

၂၇။ ထိုမှတဖန်၊ အရှင့်ဝန်၌။ မကျန်ညဉ့်နေ့။ ကြိ
အောက်မေ့လော့။အရှေ့အနောက်။ တောင်မြောက်ခန်း
ဝါ၊လက်ယာ၊လက်ဝဲ၊ဥဒ္ဒဝင်းတပ်။နေရပ်ရုံးစု။စီရင်မှုတုံ။

မေရုံ ဒိဗ္ဗ။ မြတ်ဒုဒ္ဒ သဟာ၊ ပဥ္စ အာလိန်။ တာဝတိန်ဝယ်၊
စောင့်ချိန် ရန်တား၊ ငါးတန် ခြားလျက်။ သိကြား နေရာ။
ပြည်အောင်ချာကို။ မိဿ ဘုန်းမဲ့၊ ကြိုသကဲ့သို့။ နိုင်းရှဲ ပုံ
ယူ။ထို အတူသျှင်။ရန်သူရိုက်မှား၊ကြိုသည့်ပြားလည်း။ကြွား
စားအာန်ထောင်။ မဖြစ်အောင်သျှင်။ ။လုပ်ဆောင်ဘန်
ဆင်း-ကုံစေမင်း။

၂၈။ ရာဇဝံသာ။ မှန်စွာလက်သုံး။ နည်းထုံးရှေး
တိုး လွန်လေ ပြီးသား၊ သူကြီးမင်းစိုး။ ကျူင့်ရိုး ကျင့်စဉ်။
ကျင့်ထုံးယှဉ်၍။ကျင့်လျဉ်ကျင့်ထမ်း၊ ကျင့်မြဲထမ်းဖြင့်။ရှုး
စမ်းနက်တံ။ရေးရှည့်လံသား။ပုံစံမှတ်မိ။ ပညာရှိကို၊သတိ
ကြည်မော၊ ကျွမ်းသဘောဖြင့်။နှိုးနှော့တကိုယ်၊ ပြောဆို
မှုးတွေ့။ မေးမြန်းလေ လျက်၊ရက်နေ့မပြတ်၊ ညီညွတ်တွင်
ပင်။နိုင်းဆင်ခြင်၍၊ ။သိမြင်ကျယ်ဝင်း–စုံစေမင်း၊

၂၉။ ပွင့်လင်းချမ်းသာ၊ကြီးမြင့်ရာဟု၊ မှန်စွာသနှု၊
လေးတို့ရသား၊စတုစက္က၊ဓမ္မတရား၊အကြောင်းများဝယ်။
ကြွားကြား မျက်မြော်၊ အကြိုက်တော်လျက်။ မပေါ်မလွင်
ဂုဏ်အင်ဒုပ်တိမ်၊စည်းစိမ်ခွန်အား၊ ရည်သွားအခန့်၊ပွား
ပြန့်ကျိုးပေး၊ အရောက်နှေးလည်း။ နိုးဝေး တိုရှည်။ ကြို
စည်ထောက်ထား။ မမေ့မှားလင့်။ ကုန်သွား ယာလယ်။
လုံ့ပ်ဘွယ်ဆောင်ခင်း၊ မပျင်းလုံ့လ၊ ဝါယာမခြင့်၊ ဒုက္ခ
ဖျင်းသိမ်း။ ကြောင့်ကြ ငြိမ်၍။ ။ဆိုးရိမ် ပျောက်ကင်း
ကျုံးစေမင်း။

၃၀။ ။စတုမရှုပ်ဟူသားရသော။ သကာတခြား၊ပျား

လည်းမလွတ်။ ထော ပတ် ဦးဆိ။ အညီ ဘော် မြောက်။ တောသွမ်းဟောက်ကို။ ဆိပ်ထောက် ပွားစေ။ ဝအောင် ကျေးသော်။ အရေးသူးပြား။ ဖြစ်သည့်များကို။ ထောက် ထားနိုင်းတု။ ပုံစံရှု၍။ ပြုရသရွေ့။ အခလေ့လည်း။ ။ အောက်မေ့ကြံခင်း-ပုံစေမင်း။

၃၁။ ကုံနှန်းထွဘ်ခေါင်။ လုပ်ဆောင်ပြီးလွယ်၊ ငြမ်း သာဘွယ်လျှင်၊ မနွယ်ဦးဘဲ၊ ကြည့်ဖဲရှောင်ခွါ၊ မတတ်သာ၍၊ ခြင်းရာ သိလျက်၊ မြွေဆိပ်တက်သို့၊ ပေါင်းဘက် ခဲဖော်၊ သူ့ခတော်ကို၊ အဘော်ရဆန်း၊ ဝမ်းသာပန်းဖြင့်၊ သိမ်းမြန်း မစ၊ စံပဆောင်ရွက်၊ နှစ်သက် ဘွယ်မှု၊ ကုန်အောင်ပြု လည်း။ ။အတုအကာင်း-ပါးစေမင်း၊

၃၂။ အရင်းအနှစ်၊ နွယ်ဖြစ်ပင်ခြုံ၊ လုံးစုံမြေသား၊ မျိုးဆွေဝါးနှင့်၊ တွေပြားမကြံ။ သက်နှံပိုက်ရိုက်၊ အရှင်နှ လည်း၊ ထဲပိုက်ဇကာန်၊ အချစ်လွန်လျှာ်၊ တော်ဒှန်ရဲရင့်၊ မှု ကျင့်ခြင်းရာ၊ ဖြည့်ရုံစွာသား၊ ပညာကြီးထူ၊ ထိုသသူကို၊ မှတ်ယူတွေးထောက်၊ ရွေးချယ်ဘောက်၍၊ ထပ်လှောက် ဆင့်ဖြန့်၊ မစဟာန်လည်း။ ။အားအာန်လုံးရင်းများစေမင်း။

၃၃။ သက်ကြီး ဘေးဘိုး၊ ကျင့်ရိုးအညီ၊ ထုံးစံမှီ၍၊ အစီအလျဉ်၊ အစဉ်အသင့်၊ နိမ့်မြင့်ဆင်ခြင်၊ ဂုဏ်အင်များ နည်း၊ ပစ္စည်းလျော့တင်း၊ အရင်းအဖျား၊ ရည်သွားရှိမဲ့၊ ပြိုင် နိုင်းရှဲ၍၊ လေးတွဲ့စာနာ၊ ပေးကမ်းခါလည်း။ ပညာမြော် တင်း-ရေ စေမင်း။

၃၄။ အာဒိဝယာ၊ ယော်ရှယ်ကာပင်၊ နိဗ္ဗုမမေ့၊ ဆုံးမလေ့သား၊ နေ့ဝံရှေ့ မြှော်သိ၊ ပညာရှိနှင့်၊ ပေါင်းမိချစ်ခင်၊ ကျွမ်းကျင်လျင်က၊ ဘူးမြင်တင်မေး၊ လွန်မြတ်လေးလျက်၊ ဝေးလည်းမမေ့၊ တွေ့လည်းမရဲ၊ လွန်စွာကဲ၍၊ ယှဉ်ငွဲနှိုးနှော၊ ကြည်တာတ် မောသည့်၊ သဘော ဖြောင့်စင်း။ သားမောင်မင်းလည်း၊ နှောင်းကြွင်းဆင်ခြင်၊ စီးပွားမြင်၍၊ ဂုဏ်အင်မချို့၊ ကောင်းရာပို့သား၊ လူတို့ကျင့်တမ်း။ ၍ကြောင်းထမ်းကို၊ ရိုစမ်းမပြတ်၊ သက်ဆုံးမှတ်လော့၊ မချွတ်မလွဲ၊ လူခပဲ၌၊ ဖြစ်မြဲနိယံ၊ လောကဓံကြောင့်၊ တရံ့ထကြိမ်၊ စိုးရိမ်နှောင့်နှေး။ ကြံရေးခဲစွာ။ ဖြစ်သောခါတုံ၊ ချမ်းသာဆောင်ဘူး။ သူ့ကျေးဇူးကို၊ ထိမ်မြူးမသိ။ မိမိပစ္စည်း။ သိမ်းဆည်းကျိတ်နှက်။ မေတ္တာစက်မျှ၊ မထွက်ရသာ။ သူ့မှာရကြောင်း၊ ချောင်းမြောင်းနှိုးနွယ်။ အကယ်ကယ်သို့။ ပျက်ရယ်ချိုးချိုး။ နှုတ်သာဖြိုးလျက်၊ အကျိုးကားပျောက်။ အဖြစ်ရောက်အောင်၊ ကွေ့ကောက်လိမ်လည်။ ကြံစည်လှိုက်တတ်။ လှည့်ပတ်ဘတ်သား။ ယွင်းချွတ်ဘောက်လှဲ။ လူစဉ်းလဲကို၊ ။ ကြဉ်ဘဲရှောင်ကွင်း--ဝေးစေမင်း၊

၃၅။ ပစ္စုပ္ပန္န၊ ဘဝနှောင်ခါ၊ ချမ်းသာရတာန်၊ တော်မှန်အကျင့်၊ ကိုယ်နှင့်သူ့အား၊ စီးပွားထပ်မျှ၊ ဆောင်တတ်လှသား၊ ပြုဘွယ်စိတ်ကြံ၊ နက်စံမြော်သိ၊ ပညာရှိကို၊ ဇာတိထပါး၊ ပေးမြဲခြားလည်း၊ စီးပွားမြတ်နိုး၊ တွေ့အောင်ကြိုး၍။ ကြည်ဖြိုးရှင်ပ၊ တူနေရသော်၊ နိဗ္ဗာအမြဲ၊ ပေါင်းယှဉ်တွဲ၍။ အထဲချစ်ခြင်းလေးစေမင်း။

၃၆။ ရှေးပါ်ရမိ၊ပြည့်စုံညီ၍၊နိုင်းပြမထင်၊ ရည်သွား
အင်လည်း၊လူတွင်ငြားလှာ၊ဖြစ်တော်စွဟု၊ ဒိဋ္ဌဩဇာ၊နတ်
သုဓာနှင့်၊ ဇိဝှါပိညာဉ်၊ နှစ်ပါးယှဉ်သို့၊ တွေ့စဉ်ခဏ၊ နှစ်
သာရကို၊ဆံမျှမကွယ်၊ သိမြင်လွယ်သား၊ နှံ့ကျယ်ပညာ
မြွတ်ဆရာ၌၊မေတ္တာဆုကြီး၊ကျေးဇူးမှိုး၍။ ကောင်းချီး၊
ဆောက်နှင်းပေးလေမင်း။

၃၇၊ ဗဟုသုတ၊ သိပ္ပပညာ၊ ဆည်းပူးရှာ၍၊ဆရာ
ကောင်းထံ၊ထုံးစံလေ့ကျက်၊မှတ်ခေါ်ရက်တည့်၊အနက်
အနဲ့၊အရဲအရင့်၊အကျင့်အဟာန်၊ အမှန်အထော်၊ အမြော်
အမြင်၊ဂုဏ်အင်ထူးခြား၊သူ့ရည်သွားကို၊ထောက်ထားခွဲ
ခြမ်းသိနိုင်စွမ်းဟု၊ချီးမွမ်းဖိုလ်လူ၊အံ့ရေမူဘဝ၊မဋ္ဌပြန်းဦး၊
ကြိုင်နံ့မြူးသို့။ ။ကျေးဇူးသတင်း--မွှေးစေမင်း၊

၃၈ ကဗိလေးမည်။ ပြည့်စုံတည်သား၊ ဇာနည်အ
ထွတ်၊ ဆရာမြွတ်ဝယ်။မပြတ်နိယံ။နည်းနာခံ၍၊သာစံရိပ်
ငြိမ်။ စည်းစိမ်တန်ခိုး၊ ရှေးကျိုးကောင်းညွှန့်။ ပွားပြန့်
နောင်လာ၊တိုးတက်ရာသား။အင်္ဂါခုနင်။ ကျေးဇူးနှစ်နှင့်
ရန်စစ်အောင်နေး လေးတွေ့အကျင့်၊ လေးဆင့်သကြိုယ်
ယှဉ်းယိုမရှိ၊ ဂတိလေးသွယ်။မှတ်ဘွယ်ဘွယ်၌။မိပ္ပါယ်
အနက်၊ပြက်ပြက်ထင်စွာ၊မသိသာမူ၊သက်ာပျောက်ဆေး
ဝင်အောင်မေး၍။ ကျင့်ရေးကျင့်နှုန်း၊ ကျင့်မြဲထုံးကို၊ ။
နှလုံးပိုက်သွင်း--ဝင်စေမင်း။

၃၉၊ ထိုမှတဆွေ၊ တိုင်းခြေရပ်စည်၊ ပြည်၏ကိစ္စ၊
သဘွက်ဟု၊တွင်ထမည်ထင်၊ခုနစ်အင်လည်း၊သိမြင်မကျန်

ယဉ်ထန်သမုဒ်၊ ဖြည်းသုတ်လေသာ၊ ရာဇာယာမ၊ နေလ ပဇ္ဇုန်၊ ဝသုန္ဓရီ။ နေဝိသိကြား၊ ရှစ်ပါး၍သို့။ မင်းတို့မှတ် ဘွယ်၊ ပုံသွယ်တသီး။ သူကြီးကျင့်မှု။ ဂုဏ်ခြောက်စု နှင့် သယ်ခုဓမ္မ။ ဗလငါးတန်။ ပွမ်းအန်သုံးကြောင်း။ မကြား ထောင်းသား၊ နည်းကောင်းကျယ်ဝန်း၊ အဆန်းဆန်းလည်း မေးမြန်းဘွေရှာ။ မှတ်သားနာ၍၊ သက်ာ ပျောက်ကင်း စင်စစမင်း။

၄၀။ ထိုမှတပါး၊ ယောက်ျားတကာ၊ ဘွေရှာနိစ္စ၊ တတ်အပ်လှသား သိပ္ပရတနာ၊ ဆင်မြင်းမှာတုံ၊ သဗ္ဗာရင့် ညောင်း၊ တုမဲ့ထောင်းသား၊ စောထောင်းရန်နင်း၊ ဥတိန် မင်းဟု၊ ဗ္ဗန်ဖြင်းကျော်ထိတ်၊ ခေါင်ပည္တိတ်၏ ကျိုတ်လိတ် သင်တွေ၊ ဥပဒေ၌၊ တတ်နေလုံခြုံ၊ စီရင်တုံ၌၊ စေ့စုံများ ကျယ်၊ စိုးနင်းဘွယ်လည်း၊ တင့်တယ်ပြသ၊ ဓါရဏာဖြင့်။ ။ လေ့ဆမကင်း-ကျင်စေမင်း။

၄၁။ သံသရာစက်၊ အဆက်ဆက်က၊ ထေ့ကျက် ဘူးပွ၊ ဝါသနာကြောင့်၊ ပညာရင့်ညောင်း၊ သူတော် ကောင်းတို့၊ ကျိုးကြောင်း ဟုတ်လှ၊ ထုံးစံပြအသား၊ ဆုံးမ စကား၊ ချေးဖူးများကို၊ ကြားကြားသရွေ့၊ ဆွင်ပျော်မွေ့ လျက်၊ နေ့လည်း အစဉ်၊ ညဉ့်လည်းကွာ၊ မှတ်သားနာ၍၊ ဘွေရှာပူးစမ်း၊ ပြောဆိုကျွမ်းထည်း။ စိတ်ဝမ်းကြည်လင်။ သားသိခင်မူ။ တိုင်ပင် လျို့ဝှက်။ ထဲနက် ရေးခြား။ ပြင် တပါးသို့။ မကြားစေချင်၊ မြင်စေလို။ မဆိုစေမှု၊ တခုချင်း၊ မြော်ရှုသတိ။ မင်းရိပ်သိ၍။ မျက်စိမမြင်။ ခေါ်လျှင်မကြား၊

သျှာမဲ့ငါးသို့။ ဆွေဝါးခင်ပွန်း၊ ဖွေမေးမြန်းသည်း။ တခွန်း
မပွား။ မင်းစကားကို။ ပိုက်သားဝမ်းတွင်း -ကျေစေမင်း။

၄၂။ ရန်သူပြိုးဘက်။ နှောင့်ရှက်ဖြိုတွယ်။ အနှ
ရာယ်သည့်။ အကာယ်မျက်မြင်။ စိုးစဉ်းထင်မှု။ သေရှင်အာ
ရေး။ နှစ်ထွေးမရည်။ စွန့်အံ့သည်ဟု။ ဆောက်တည်သော
လျှောက်။ စွန့်ခွင့်ရောက်မှု။ရွံကြောက်ပဲ့တွန်၊ အရှင့်ဝန်ဌ။
ကုမ္ဘဏ်ယကွ။ နာဂခြသေ့်။ ရင်ဆိုင်တွေ့လည်း၊ ခွါ၍မ
ဆွန့်။ အသက်စွန့်လော့။ အဝှန့်နှောင်လာ။ လူတကာတို့
ပြောရာဥဒါန်း။ ကမ္ဘာ ထွန်းသို့။ မော်ကွန်း ဖြစ်လျှင်း
လေစေမင်း။

၄၃။ အနိုးအဝေး၊အနှေးအလျင်၊ဗိရင်မဝ။အငှအ
ဝေ။ အစေအပါ၊အရာကြီးငယ်။ပြုဘွယ်ဘွယ်ဌ။လိုမယ်
ကိဌ၊အါးရအောင်အောင်။ရည်စောင်ထဲလာ။ကြိုးသောခါ
လည်း။ညီညါအါးထုတ်။သဘောဟုတ်ဖြင့်မယုတ်မလွန်။
ဘော်မှန်ဖြောင့်စင်း။ မှားယွင်းမရှိ။သမာဓိဖြင့်။ သတိင်
ဆည်၊စောင့်အပ်သည့်ကား၊ ဆံခြည်တတန်း။ တပ်စွန်းမ
ချစ်၊လောဘမြစ်၍။တင်ဖြစ်လွတ်ကင်းကွေစေမင်း။

၄၄။ လျှို့ဝှက်ထဲကြိ။ နက်စံရည်ကောင်း။ သူ့အ
ကြောင်းကို။ ချောင်းမြောင်းနှိုးနွှယ်။ သိအောင်ရှယ်မှု။ပွဲ
ကျယ်အရပ်။မတင့်အပ်ဝယ်၊တက်ကြပ်မကွာ၊ နေကာမ
တွေ့။ ကြည့်၍မမြော်၊နာသောမကြား။ လိုမှုများကို။ ဝှက်
ထားမြဲကျိုက်။ ထဲကြိစိဘ်ဖြင့်။ တိတ်တိတ်ဝှက်ခြင်းမြဲစေ
မင်း။

၄၅။ ခပ်သိမ်းကိစ္စ။ ဟူသမျှလည်းလုံ့လမလျော့။မပေါ့မမေ့၊ညည့်နေ့မဟူ။သတိမူ၍။ မေးမြန်းကြောင်းလမ်း-ရှူးစမ်းစာနာ။ နက်ပညာဖြင့်။ ရှေ့လာ နောင်နှစ်။ကြံစီစစ်လော။အဖြစ်ကိုယ်ဝယ်။ဆိုဘွယ်ရိုတ်ထင်။မရောက်ခင်က အမြင်မရှိ။ တွေးမသိသည်။ မျက်စိမပွင့်။ ဉာဏ်မရင့်တို့ အကျင့်အချင်း-ကွဲစေမင်း။

၄၆။ ဂန္ထိသာရ၊ နာမသာချစ်း၊ ဆုံးမကျမ်းဝယ်၊ အဓိပ္ပာယ်ကား၊ စင်ကြယ်ချောမွေ့၊ဤဝယ်ရွှေ့လျှင်၊ စေစေ့သန့်စင်၊ပြီးအောင်မြင်၏။

အနုသာသနဉ္စဆုံးမစာဤတွင်ပြီး၏။

# ဂန္ထိသာရပျို့

# ခက်ဆစ်အဖြေနှင့်စကားပြေ။

# ဂမ္ဘီရသာရမျိုးခက်ဆစ်စကားပြေ

## လင်္ကာအမှတ်(၁)ခက်ဆစ်အပြေ။

အနုသာသန။ (ပါဠိ)-အနု-အစဉ်,ကောင်းစွာ၊
သာသန-ဆုံးမခြင်း။အနု၊သာသန-အစဉ်ဆုံးမခြင်း,
ကောင်းစွာဆုံးမခြင်း။

ကျိုးကြောင်း– အကျိုးအကြောင်း-ဟုဆိုလိုလျက်၊အ-၂
လုံးကို ချေ၍စပ်ထားသည်။ကျိုး-ကံ၏အကျိုး။
ကြောင်း–ကံ၏အကြောင်း။

ပိမ့်-ပေအံ့၊စကားနှစ်လုံးကို တလုံးတည်းဖြစ်အောင်
စပ်ထားသောသန္ဓိနည်းမျိုးဖြစ်သည်၊
(လိမ့်-လေအံ့၊ ။စိမ့်-စေအံ့။ ချိမ့်-ချေအံ့)တို့ကား
သန္ဓိစပ်တို့တည်း။

ရှေ့ညွှန်-လမ်းညွှန်ပြသူ၊

ဆရာမှန်တို့-ဆရာမြတ်တို့။
မှန်-မှန်မြတ်သည်,တင့်တယ်သည်ကိုဆိုသည်။

ဝေ-စိတ်ဖြာသည်-ခွဲခြမ်းသည်။ ။ဘန်-ပြုစီရင်သည်
ဝေဘန်-ခွဲခြမ်းစိတ်ဖြာ၍ပြုစီရင်သည်။

ပဲ့ လမ်းဖြောင့်ပေးသည်-လမ်းဖြောင့်အောင် ပြုသည်
ပြင်-မသင့်, မတော်, မလျော်သည်ကို သင့်, တော်
လျော်အောင်ပြုလုပ်သည်၊ပဲ့ပြင်-မသင့်သည်ကို သင့်
အောင်လမ်းဖြောင့်ပေးသည်။

ကြားသင်သမျှ-နားယူမှတ်သား သင်ကြား သမျှ (ကြား သင်ဟုဆိုရိုးမရှိ၊ အဆိုလွယ်၊ နားသာရန် အလို့ငှါ ကြား သင်ဟု အပြန်အလှန် စပ်ဆိုထားသည်၊ သင်ကြား ကို ကြားသင်ဟု အပြန်အလှန်ပြုထားသည်။)

ဩဝါဒ-(ပါဠိ)အဘန်တလဲလဲ ပြောဆိုသောစကား၊ အဆုံး အမစကား(ဩ-အဘန်တလဲလဲ။ ဝါဒ-ပြောဆိုခြင်း။)

နားဝဖန်လဲ -နားဝ၌အဖန်တလဲလဲ(အဖန်တလဲလဲဟုဆိုလို ရင်းကို ထက်ပြဖြစ်၍ ဖန်လဲဟုဆိုသားသည်။)

နားမရဲ-နားသောင်၍ အားမရနိုင်ခြင်း (မရောင့်ရဲဟု ဆို လိုရင်းကို မရဲဟုဆိုသည်။)

လွှန်ကဲရှိညွတ်-များစွာရှိသေ ကိုင်းညွတ်ခြင်း (ရို-နှိုသေ သည်။ ညွတ်-ကိုင်းသည်ကိုဆိုလိုသည်။)

ဆည်းပူး-စုဆောင်းခြင်း (ဆည်း-စည်းမိအောင် ပြုခြင်း။ ပူး-ပေါင်းသည်။)

ကောင်းမြတ်ဇာတ-သားသုံးမျိုးတွင် အတိဇာတ သား ဟုဆိုလိုသည်။

သားသုံး မျိုး ကား ။

၁။ အတိဇာတ-မိဘထက်ဂုဏ်ကျေးဇူးလွန်မြတ်သောသား။
၂။ အနုဇာတ-မိဘနှင့်ဂုဏ်ကျေးဇူးတူမျှသောသား။
၃။ အဝဇာတ-မိဘအောက်ဂုဏ်ကျေးဇူးယုတ်နိမ့်သောသား။

အားမွေးဘ-အဘေ မွေးကျွေး အပ်သော သားမောင် (သားမွေး ဘ၌ ဘကား-အဘကို ဆို သော စကား မဟုတ်၊ မောင်မောင် ဘဘ ဆိုသော စကား ကဲ့သို့

ဘာခင်က သားယောက်ျားကလေးကို-ချစ်စနိုး၍ ခေါ်သောစကားဖြစ်သည်။)
ကြောင်းချော-ဖြစ်ပျက်သည့်အစဉ်သဘော၊
မှတ်သားစိုက်စိုက်- ထိထိ ရောက်ရောက် မှတ်သားခြင်း (စိုက်စိုက်-ထိထိရောက်ရောက်တည့်တည့်မတ်မတ်။)
ဝမ်းသဲမိုက်ဆော့-နှလုံးစိတ်ဝမ်း၌ မှတ်သား ယူဆောင်သိရှိထားပါ။
စရိုက်-(ပါဠိပျက်)အကျင့်,အပြုအမူ(စရိတ-ဟူသော ပါဠိမှပျက်ယွင်းလာသောစကားဖြစ်သည်။)
သုံးလစ်-သုံးထွေ,သုံးပါး။
ကျင့်ဝတ်ထူးခြား-အကျင့်အမူအယူကွဲပြားထူးခြားသော (ဝတ်-အမြဲ ပြုအပ်သော အမူ။ ဝတ်ကား-ဝတ္တဟူသောပါဠိမှ ပျက်ယွင်းလာသောစကားဖြစ်သည်။)
လူသုံးပါး-အကျင့် ယုတ်သူ, အကျင့် အထက် ဖြစ်သူ အကျင့်မြတ်သူ-ဟူသောလူသုံးပါးကိုဆိုလိုသည်။
ချောပြွမ်း-ချောမွေ့ခြင်း။
ပေါင်းဘက်ကျွမ်းလည်း-ပေါင်းဖော်ကျွမ်းဝင်ရာ၌သည်း (လည်းကား-သမုစ္စည်း ဖြစ်သည် အကျင့်ယုတ်, အကျင့်ထက်, အကျင့်မြတ် သုံးမျိုးလုံးကို ပေါင်းစည်းဆက်စပ်ပေးသောစကားမျိုးဖြစ်သည်။)
မဌမ်းမကော-မယုတ်မလွန်(ဌမ်း ယုတ်နိမ့်သည်၊ကော-မြင့်သည်, လွန်သည်။)
သဘော-(ပါဠိပျက်)ညဉ်,အလို,အကြိုက် (သဘာဝ-ဟူ

သော ပါဠိမှ ပျက်ယွင်းလာသော စကားဖြစ်သည်။)။
သူ့သဘောကို-သူ့အကြံကိုက်ကို,သူ့အလိုကို, သူ့ညဥ်ကို-
လိုက်လျော-အလိုက်သင့်,သင့်လျော်အောင်(လိုက်လျော
ကား-မိမိအောက်ယုတ်သူ၏ အလိုသို့ လိုက်သည်ကို
ရည်၍ဆိုသည်။)
ညှိထွေ-ညှိညာတူမျှအောင်လိုက်သည်(ထွေကား-ဤနေ
ရာ၌ လိုက်သည်ကို ဆိုသည်။ ညှိထွေကား-မိမိထက်
မြတ်သူ၏ အလိုသို့ လိုက်သည်ကို ရည်၍ ဆိုသည်)
ကျင့်တတ်စေ-ပြုမူခြင်း၌ ထိမ်မှာစေ (တတ်-တတ်သိနား
လည်လိမ္မာခြင်း၊

လင်္ကာအမှတ်(၁)စကားပြေ။

ငါသျှင်မဟာရဋ္ဌသာရသည်။ ကောင်းစွာသော အဆုံး
အမကို အကျိုး, အကြောင်းကို ပေါ် ထုတ်၍ ပြဆိုပေအံ့။
လမ်းညွှန်ပြတတ်သော အမိအဘဆရာမြတ်တို့၏။ခွဲခြမ်း
စိတ်ဖြာ၍ သင်ကြား သမျှသော အဆုံးအမ စကားကို
အကြိမ်ကြိမ် နာ၍လည်း အားရတင်းတိမ်ခြင်း မရှိသော
များစွာရှိသေကိုင်းညွတ်၍ မှတ်သားစုဆောင်းတတ်သည့်
သားမြတ်မောင်၊ ဤပြဆိုလတံ့သော ဆုံးမ စကား ဖြစ်
ပျက်သည့် အစဉ်သဘောသွားကို ထိထိ ရောက်ရောက်
မှတ်သား၍ နှလုံးစိတ်ဝမ်း၌ မှတ် သားယူဆောင် သိမ်း၍
ထားပါလော့-----။အကျင့်အမူ အယူကွဲပြား၊ လူသုံးပါးတို့
နှင့် ရောနှော ဆက်ဆံပေါင်းသင်းရာ၌ သူ့အလိုကိုထိုက်

သူ့အကြွင်းကိုပေး၍ပြုမူခြင်းနှင့်လိမ္မာသိတတ်ပါးနပ်ပါစေ။

* * *

## လင်္ကာအမှတ်(၂)ခက်ဆစ်အဓိပ္ပါယ်

ပွင့်ဆဲ-ပြောဆိုသည်။

ရသေ့ား-(ပါဠိ) မဟုတ်မမှန် ပြောဆိုခြင်း (မုသာဝါဒဟူသော ပါဠိမှ ဆင်းသက်လာသော စကားဖြစ်သည်။)

နှုတ်သံချိုးသို-ပျားရည် ကဲ့သို့ ချိုသော နှုတ်ထွက် သံ စကားသံ။

စီးပွားလိုထောင်-အကျိုးတိုးပွားစေချင်ဟန်(စီးပွား-ဘဝကောင်းစည်းစိမ်ကောင်းနှင့်ပြည့်စုံခြင်း။)

ရူပဆောင်၍-အသွင်အပြင်အမူအရာပြု၍ (ရူပ-"ပါဠိ" အသွင်အပြင်။ - ဆောင်-ပြုခြင်း။)

မှားအောင်ပြစ်ရှာ-မှောက်မှားအောင် အပြစ်ရှာသည်။

ကြံစာတ်စွာသား-ကြံစည်ပြုလုပ် တတ်သော (စွာကား-အကျကြံယာ၊ ။သား-သောကို ပြောင်းထားသော စကား။)

စေတ္တာ-(ပါဠိ)အဖျချစ်ခြင်း။

ချီးနှီး-ဘာဖျမရှိ-အလျှင်းမရှိ။

သူ့စွေးမြီး- လူခွေးမြီး-လူလိမ် လူကောက် (ခွေးမြီးဆိုရာနှ-ခွေးမြီး အစစ်မဟုတ်၊ ခွေးမြီးနှ ကောက်ကွေးသော အချင်းအရာကိုယူ၍၊ သဒိသူပစာအားဖြင့် လူခွေးမြီးဟုဆိုသည်။

မရှောင်သာ၍-ငဖယ်မလွှဲသာ၍။

မကွ ၁-ငြိသည့်ကပ်သည်။
အဒပါ ထားယှဉ်- ကိုယ်အားဖြင့် အ ပေါ် ဖုံး ပေါင်း ခြင်း(ယှဉ်-ထားခြင်း။)
အသဲအြဉ်၍-စိတ်နှလုံးထဲကခွါ၍(ကြဉ်-ဖယ်ရှားခြင်း, စွန့် ပယ်ခြင်း,ပစ်ခွါခြင်း။)
စိတ်ယဉ်နှိမ့်ချ-စိတ်အဟုန်ကိုနှိမ့်ချ၍,မာန်မာနကိုနှိမ့်ကျ စေ၍(စိတ်ကား-စိတ္တဟူသော ပါဠိမှ ပျက်ယွင်းလာ သောစကားတည်း။ ။ယဉ်ကား-အဟုန်ကိုဆိုသည်။)
အဝါဆ၍-(ပေါရာဏ)-ပမာဏကိုတိုင်းတာ နှိုင်းဆ၍ (အဝါ-အလုံးအရပ်ပမာဏ။ ။ဆကား-တိုင်းတာမှန်း ဆသည်ကိုဆိုသည်။
ကာသ-(ပါဠိ)အချိန်အခါ၊
သူ့အကြိုက်-သူ့သဘော,သူ့အလို။

လက်ခဆွတ်-၂-စကားပြေ။

ပျားရည်ကဲ့သို့ ချိုသောနှုတ်ထွက်စကားဖြင့် မဟုတ် မမှန် လိမ်လည်လှည့်ပတ် ပြောဆိုတတ်သော အကျိုးစီး ပွားလိုလား လေယောင် အသွင် ဆောင်၍၊ မှောက် မှား အောင်ကြံစည် ပြုလုပ်၍ အပြစ်ရှာ တတ်သော မေတ္တာ နှလုံး၊ လုံးလုံးကင်းမဲ့သည့် လူလိမ် လူကောက် နှင့် တခြား တပါးပြည်ရွာ၌-မလွဲမရှောင်သာ၍ ဆက်ဆံ ပေါင်းသင်း ရသော်လည်း၊ကိုယ်ပေါင်းစိတ်ခွါပြုပြီးလျှင်၊မိမိ၏မာန်မာ နကိုနှိမ့်ချကာ၊ သူ့သဘောသွား အနေအထားကို တိုင်း တာမှန်းဆ၍ အချိန်အခါအလိုက်၊သူ့အလို သူ့အကြိုက်

နှင့်ကိုက်ညီအောင်ပြုမူခြင်းနှင့်တတ်သိလိမ္မာပါစေ။

* * *

လက်ာအမှတ်(၃)ခက်ဆစ်အဖြေ

**ဈာန်မြင်လောက**–မျက်မှောက် ဘဝ, မျက်စိ အောက်တွင်ရှိနေသဲလောက, ကိုယ်တွေ့ လောက (လောကကား-ပါဠိ-ဖြစ်တတ်ပျက်တတ်သောအရာကိုဆိုသည်)

**နောင်ကာလ**–နောင်တမလွန်ဘဝ,သေပြီးသည့်မှနောက်ကာလ,နောင်အနာဂါတ်လောက။

**ဘဝနှစ်ပါး**–ယခုမျက်မှောက်ဘဝ, နောင်တမလွန်ဘဝနှစ်ပါးကိုဆိုသည် (ဘဝကားပါဠိ-အဖြစ်ကိုဆိုသည်၊ လူ့ဘဝ-လူအဖြစ်၊ နတ်ဘဝ-နတ်အဖြစ်၊ဗြဟ္မာဘဝ-ဗြဟ္မာအဖြစ်၊)

**ကြံထောက်ထား၍**–တွေးကြံ ထောက်ထား၍, တွေးတောငဲ့ညှာထောက်ထားသောအားဖြင့်။

**စီးပွားမဟုတ်**–စီးပွား ဖြစ်ဘွယ် မဟုတ်, စီးပွား ဖြစ်ဘို့မဟုတ်(စီးပွား ဟူသည်ကား-ဘဝကောင်း, စည်းစိမ်ကောင်း၊နှင့်ပြည့်စုံခြင်းကိုဆိုသည်။

**ခင်ပွန်းမဟုတ်**။ -အပြုအမူ အလေ့အကျင့်အပြောအဆိုအလုပ်အကိုင်အားဖြင့်ယုတ်ညံ့သောခင်ပွန်း(ခင်ပွန်း-မိတ်ဆွေခင်ပွန်း,သားခင်ပွန်း,မယားခင်ပွန်းဟုခင်ပွန်းအမျိုးမျိုးရှိသည်။အကျိုးကို ဆောင်တတ်သူ ကိုလည်းခင်ပွန်းဟူ၍ပင်ဆိုသည်။ ခင်ပွန်း၏ အဓိပ္ပာယ်ကို-အရာဌာန အားလျော်စွာ ကောက်ယူရသည်။)

နွါဆုတ်…… ဖယ်ရှားသည်,ရှောင်ရှားသည်။
ဈံလိုဆောင်လည်း……-ခွါလိုသော်လည်း၊
ရှု……- ကြည့်သည် (အနီးအပါးကြည့်သည်ကို ရှုသည် ဆိုသည်။)
မြှော် …… ဖျှမ်းမြှော်သည် (အဝေးကိုလှမ်းကြည့်သည်ကို မြှော်သည်ဆိုသည်၊)
တိုင်းတွဲ……-ယှဉ်ကပ်၍ကြည့်ခြင်း,နှိုင်းယှဉ်၍ ကြည့်ခြင်း (တွဲ ကား-တွဲးမှရွေ့လျောလာသောစကားဖြစ်သည်)
ငဲ့၍…… -ရှုကြည့်၍(ငဲ့ကား-ရှုခြင်းကြည့်ခြင်း တစိတ်ဖြစ် သည်" အားမကြီး လွန်းသောဆန္ဒ ကွက်ဖှည့်ကာ မျှသော မြော်ကြည့်ခြင်းကို - ငဲ့ သည်"ဟု ဓေါ်ဟာ ရတ္တပကာသနီတွင်ဆိုထားသည်)
ဖြစ်မဲ့……အဖြစ်မရှိ'အဖြစ်ကင်းခြင်း (မဲ့ကား- မရှိခြင်း ကင်းခြင်းကိုဆိုသည်)
တာဘ်ခေါင်ကြီစည်။ -အလွန်ကြီးသည်' အစွမ်းကုန် ကြီ စည်(ခေါင်ကား-အထွတ်အထိပ်,အမြင့်အဖျား, အကဲ အလွန်စသည်ကိုဆိုသည်။ ခေါင်ဟူသော စကားသည် ဝေးသည်ကွာသည်ဟူသောအနက်, ရှားပါးသည် ဟူ သောအနက်,ရင့်မာသည်ဟူသောအနက်များ၌လည်း ရသင့်၏)
ပညာဆည်၍…… -ဉာဏ်ပညာဖြင့်တန့်ရပ်ဆင်ခြင်၍၊
ငံ့…… ရပ်သည်,ဆိုင်းသည်။
လင့်…… -စောင့်ဆိုင်းသည်,ငံ့သည်။

## လင်္ကာအမှတ်[၃]စကားပြေ

ယခုမျက်မြင်လောက- နောင်တမလွန်လောက ဟူသော ဘဝ-၂-ပါးကို ငဲ့ညှာထောက်ထားသော အားဖြင့် ၎င်း၊ မိမိအကျိုးကို ဆောင်တတ်သူမဟုတ်သည့်, ခင်ပွန်းယုတ်ကို ပေါင်းဘော်ခြင်းမှ ရှောင်ခွါ လို သော် လည်း၊ ခင်ပွန်းယုတ်က -မိမိအပေါ်၌အပြစ်မတင်သာသောစွန့်ခွါခြင်းမျိုးဖြင့် စွန့်ခွါရလေအောင်-အစွမ်း ရှိသမျှ ကြံစည်၍ ၎င်း၊ဉာဏ်ပညာဖြင့်ဆင်ခြင်၍၎င်း။ထိုခင်ပွန်းယုတ်၏ စွန့်ခွါခြင်းကိုအရှည့်စောင့်ဆိုင်းခြင်း၌ (လင့်ခြင်း၌) တတ်သိလိမ္မာပါစေ၊

* * *

## လင်္ကာအမှတ်[၄]ခက်ဆစ်အဖြေ

လင့်လင့်,မြော်မြော်...... တလင့်တည်း လင့်, တမြော်တည်းမြော်သည်ဟုဆိုမည့်အစား လင့်လင့်,မြော်မြော်ဟု ၂ ကြိမ်ထပ်ဆိုထားသည်၊

ကြံခေါ် -ကြံစည်တွေးတောသည့်,စဉ်းစားဆင်ခြင်သည်။

ဆံတာရစ်မျှ......တဆံခြည်မျှ,ဆံခြည်ခံ မျှ။

လွှတ်စွင့်သာခု ......- လွှတ်ရန် အခွင့် သာ မှု လွှတ်ရန်အခွင့်သင့်မှု၊

ကန္တာ .... - ဘေးရန်ပေါများသောခရီးကြမ်း’ ကျဲသန်းသွားလာရန်ခက်သောခရီး,ရေမရသောခရီးခဲ(ကန္တာ-ပါဠိ-ကန္တာရဟုဆိုလိုရင်းဖြစ်သည်)

ခရီးခဲ..... ကန္တာရ ဟုသော ပါဠိကိုမြန်မာ ပြန်ထားသော

စကားဖြစ်သည် (ဘေးရန်များသော ခရီးကိုခရီးခဲ ဆိုသည်)

ဘေးသူပျက် ······ -ဘေး ပြုတတ်သော သူပျက် (သူပျက်ကား သူဆိုး, အကျင့်ပျက်စီးသောသူ, သူတပါးကို နှိပ်စက်ညှဥ်းဆဲရန် ဝန်မလေးသူကိုဆိုသည်)

ရက်ရက်။······ - မတွယ်မတာ၊ မညှာ မငဲ့, မထောက်ထားမငဲ့ညှာ။

ဆောနှာ ······ လျှင်မြန်စွာ၊

စွန့်ထိုက်ခွါသို့ ······စွန့်ပစ်ရှောင်ခွါလိုက်သကဲ့သို့။

မိစ္ဆာ ······(ပါဠိ) အကျင့်မှားသူ, အယူတိမ်းသူ, အကျင့်မကောင်းသူ၊ အယူလွဲသူ။

စဥ့်ကြောင်းဝေးမြေ။ -အဝေးရပ်မြေ, အဝေးမြို့ရွာ, ရပ်ဝေးမြို့ရွာ။

လင်္ကာအမှတ်(၄)စကားပြေ

ခင်ပွန်းယုတ်ကိုစွန့်ခွါရန်အခါအခွင့်ကိုအမြော်တွေးတောကြံစည်ကာ၊စောင့်ဆိုင်းငံ့လင့်၊အသင့်ကြည့်မြော်လျှင်။ထိုသူယုတ်ကို အနှောက်အယှက်ဖြစ်စေတတ်သော အပြစ်သည်၊ဆံခြည်ခန့်မျှမရှိပဲ,စွန့်ခွါခွင့်ကြုံလာလျှင်။တောလမ်းတောစခမ်းခရီးကြမ်း၌ သွားနေသောသူသည်၊သစ်,ကျားဘီးလူး,သဘက်တို့နှင့်တွေ့ရာ။ထိုဘေးပြုတတ်သောသူဆိုး-သူပျက်တို့ကို။ထောက်ထားငဲ့ညှာ၊ တွယ်တာ ခြင်းမရှိဘဲ၊ရှောင်တိမ်းစွန့်ခွါ၍သွားသကဲ့သို့- သင်သည်လည်းမကောင်းဆိုးဝါးသောအပေါင်းအဖေါ်ကို အဝေးရပ်မြေ

မကောင်းဆိုးဝါးသောအပေါင်းအပေါ်ကို အဝေးရပ်မြေ သို့သွားစေခြင်းငှါတတ်သိလိမ္မာပါစေ။

## လင်္ကာအမှတ် (၅) ခက်ဆစ်အဖြေ

သူကြီး-အကြီးအမှူး၊ အကြီးအကဲ-
သခင်-မြင့်မြတ်သောသူ။
နိုင်းပယ်သမ္ဘ -နိုင်းစေသော အမှု (ပယ်ကား- ထွက် ခွါသွားစေသည်ကိုဆိုသည်)
အာခ -(ပါဠိ) ကောင်းပါပြီ-ဩဝ်ာ ကောင်းပါလေစွ (အာမကားကောင်းပါပြီဟုဝန်ခံသော စကားမျိုးဖြစ် သည်။
ဖန်ဆင်း။ -အထူးထူးအပြားပြား ပြုစီရင်သည် (ဖန်-ပြုစီ ရင်သည်)။
ခပင်း -(ပေါရာဏ) များ စွာ, ခပ်သိမ်း, အလုံး, အ ပေါင်း၊
တင်း -ပြည့်ဝသည်, တင်းတိမ် သည် အလိုပြည့်ဝ သည်။
စားကျေးငယ်ယာ -လုပ်ကိုင်စားရန်ဆယ်ယာ (ရှေး အခါက မင်းမှုထမ်းများကို၊လစာငွေ မပေးဘဲ ထယ် မြေယာမြေ-မြို့ရွာများကိုပေးသည်၊မြို့စား,ရွာစား ဟု ခေါ်သည်ကိုသတိပြု။
ခန့်သောခါရူ -ပေးမည် ပြုသောအခါ အပ်မည် ပြု သောအခါ၊

ပဉ္စာ-။ (ပါဠိ)အကျိုးအကြောင်း-အံသိုးအဂေါင်းကို ခွဲခြား၍သိတတ်သောဉာဏ်။
ရည်-။ အရည်အခြင်း,ဂုဏ်ထူးဝိသေသ, ဂုဏ်အစွမ်း သတ္တိ၊
ရှုးစမ်း— ကြည့်ရှုဆင်ခြင်ခြင်း။
ဝေဘန်- ခွဲခြမ်းစိတ်ဖြာ၍ပြုစီရင်သည်၊
ဓစ-၊ ချီးမွမ်းခြင်း,ထောက်ပန့်ခြင်း၊
ယှဉ်တွဲ-။ မလျှော့မပို။

## လင်္ကာအမှတ်(၅)စကားပြေ

အကြီးအမှူး အရှင်သခင်တို့က စေခိုင်းသော အမှုကိစ္စကို အာမခံတာဝန်ယူ၍၊မမှားမယွင်းရအောင်ပြုလုပ်ဆောင်ရွက်သူအပေါင်းအား။ သိမ်းပိုက်မွေးမြူ၍။ လုပ်ကိုင် စားသောက်ရန် လယ်ယာ ရာထူး စသည့်တို့ကို ပေးမည်ပြုသောအခါ၊ ထိုသူတို့၏ စွမ်းရည်သတ္တိ လုပ်ရည်,ကိုင်ရည်ကို ထောက်ရှမ်းမေးမြန်းကာ၊ ဉာဏ်ဖြင့်ဆင်ခြင်ကြည့်ရှုပြီးလျှင်၊ အသီးအသီး၏ စွမ်းရည် ဂုဏ်ထူးနှင့်လျော်ညီစွာ ပေးကမ်းချီးမြှင့်ခြင်းဌ် တတ်သိလိမ္မာပါစေ။

* *

## လင်္ကာအမှတ်[၆]ခက်ဆစ်အဖြေ

ဖြစ်ခေါင့်ဖြစ်ခဲ- ဖြစ်ခဲလှသော- လွန်စွာ ဖြစ်ခဲသော (ဖြစ်ခဲ-ဖြစ်ခဲ-ဟု ဆိုလိုရင်းဖြစ်သည်။ အနက် အား

ကြီးခြင်းကိုအလိုရှိလျှင်။ စကားထပ်၍ စပ်ဆိုရသည်။
ဖြစ်ခဲ-ဖြစ်ခဲ ဟုဆိုမည့်အစား။ နားသာအောင် ဖြစ်
ခေါင့်ဖြစ်ခဲ ဟု စပ်ဆိုထားသည်။ လိမ္မာလိမ္မာကို လိမ်
မောင့် လိမ္မာဟူ၍ရင်း သာယာ-သာယာ-ကို သာ
ယောင့်သာယာဟူ၍ရင်း ဆိုထားသည့်များကို သတိ
ပြု)

နက်နဲဆင်ခြင်- လေးနက်စွာဆင်ခြင်တတ်သော။

မြေခံဖြင်ရှေ့နောက်- ရှေ့အစွန်း နောက် အစွန်းကို သိ
သော။

တစ်ခေါ်သောက်သား-အတု မရှိဟု ဆိုလောက်သော
စံ-နမူနာ,စံနမူနာ,(စံပြောက်-နမူနာထားထိုက်သော
အတုဒိုးရန်စံယူထိုက်သော)

ကဝိ-(ပါဠိ)ကဗျာ လင်္ကာ စီကုံးတတ်သူ(ကဝိမှ-ဆု-ကို
ဧ-ပြု၍ကဝေဖြစ်လာသည်။)

နှမိနှမြော-မဆက်မဆံစေခြင်း။

မရောမမြှမ်း-မရောမနှော မပေါင်းမဘော်။

မေ့လျော့ကျန်ရှု-သတိလစ်၍ကြွင်းကျန်နေမှု။

ဘော်ညွှန်-ဖွင့်ထုတ်ပြဆိုခြင်း။

မင်းစီးပွားကြောင့်- မင်း၏အကျိုးစီးပွားကြောင့်။

ထောက်ထားနှိုင်းရှည့်-ဆင်ခြင် ထိုင်းဆ၍ (ရှည့်-ဓဲ့-
ယှဉ်ဖက်သည်ဟုဆိုလိုသည်)

မင်းရိပ်ကြည့်၍-မင်း၏ အကဲအလေးကို ကြည့်၍ မင်း၏,
အရိပ်အဆင်ကိုကြည့်၍၊မင်း၏ အကဲကိုခတ်၍)

ခင်း၏စိတ်ညှာခဲ့–မင်း၏စိတ်သဘော, မင်း၏စိတ်အလို
ဆိုချဲ့–ဆိုရန်အစိအစဉ်အလှည့်ရောက်သည် (လျဉ်–အ
စိ အစဉ်အလှည့်အထောက်ရောက်သည်)
မြင့်တတ်စေ–မြင့်အောင်လုပ်ခြင်း၌ သိတတ်စေ, ကြီးမြင့်
အောင် လုပ်ခြင်း၌ ထိမ္ဗာစေ၊

သက်ာအမှတ်(၆)စကားပြေ။

အလွန်ခက်ခဲသောအကြောင်းအရာများကိုနက်နက်နဲနဲ
တွေးဆဆင်ခြင်တတ်၍။ ရှေ့နောက် အဖြစ်သနစ် များကို
သိနိုင်စွမ်းသောအရာတွင် အတုမရှိထောက်သော စံပြု
ကဝိ၊ပညာရှိတယောက်ဖြစ်ပါလျက်လည်း။ ဘုရင် မင်း
မြတ်သည်။မိမိအား မဆက်မဆံ့, မတိုင်မပင်, မေးမြန်း
ခေါ်ပြောခြင်းမရှိဘဲ မေ့လျော့၍နေပါမူ။ မိမိသည် မင်း၏
အကျိုးစီးပွါးကို ငံ့ညှာထောက်ထားသောအားဖြင့်၊ မင်း
၏အရိပ်အဆင်ကိုကြည့်ကာ။မင်းမြတ်၏စိတ်နှလုံး ရွှင်ပြုံး
ချိန်အခါမှာ။ ဆိုရန်အစိအစဉ်အလှည့်သင့်သော အချိန်ကို
စောင့်ဆိုင်း၍မိမိ၏အရည်အသွေးကို သွယ်ဝိုက်ကာ ဖွင့်ပြ
ထုတ်ဘော်သောအားဖြင့်။သင်ပေါ်စေလျက်။ ဘုရင် မင်း
မြတ်၏ဂုဏ်ကိုချီးမြှောက်ကာ၊ မိမိ၏ အချီးအမြှင့်ကိုခံရ
အောင်ပြုခြင်း၌ထတ်သိလိမ္မာပါစေ။

* ❀ *

သက်ာအမှတ်(၇)ခက်ဆစ်အဖြေ။

ဖွည့်–အမည်မှည့်သည်,အမည်တွင်အောင်ပြုသည်။

ခေါ်-ခေါ်ဝေါ်သည်,သမုတ်သည်။
စည့်ရည့်-အမည်အရည်။
ဆိုခုံ-စကားဆိုရာတွင်ခုံ, စကားဆိုရာတွင် အကြီး အကဲ လုပ်သူ(ဆို-ပြောဆိုသည်,ဆိုပြောသည်။ခုံ-မှန်သည်, မှန်အောင် လုပ်သည်, ပြည့်ဝသည်, ပြည့်ဝ အောင် လုပ်သည်။)
ဆိုခုံတည်၍-စကား ပြောဆို ကြရာတွင် အကြီးအကဲဟု မှတ်ထင်စေ၍။
နှုတ်ခြည့်-ဆိုပြောသည့်အသံ, နှုတ်သံ(ခြည့်-အသံ၊သံခြည် ချိုပြွား,ဟူသော မဟာဇနကပျို့ကို သတိပြု။)
ပေါ်ချွ-အပေါ်သို့လျှံခြင်း,လွှမ်းမိုးခြင်း။
ပွဲအထံဝယ်-ပွဲသဘင်၌(ပွဲ-လူပရိသတ် အစည်းအဝေး ပရိသတ်စုဝေးရာဌာန။)
အသံဖြစ်ကာ-အသံဖြစ်ကာမျှ။
ပြောပရှာသား-ပြောတတ်ရှာသော။
ဝါစာ-(ပါဠိ)စကား။
ချိုပျား-ချိုသောပျားရည်ကဲ့သို့။
သူ့စကားကို-သူ၏စကားကို။
အားမကျဆန်း-စိတ်နှလုံးကို မညွတ်စေဘဲလျက်, အား မကျခြင်းဖြစ်လျက်(ဆန်း-ဖြစ်ပေါ်သည်၊ဆိုစား,ပြော စား,ဆိုသကဲ့သို့ ဆိုဆန်းကာစမျှ-ပြောဆန်း ကာမျှ ဟု ဆိုလေ့ရှိသည်။ဖြစ်ပေါ်ခြင်းကား အစသစ်ဖြစ်ခြင်းပင် တည်း။အသစ်ဖြစ်ခြင်းကား-ဆန်းခြင်းပင်တည်း။)

ချက်နှာပန်းဖြင့်—မျက်နှာပုံပန်းဖြင့်, မျက်နှာသားဖြင့်။
ရွှင်လန်း—စိတ်နှလုံးကြည်လင်လန်းပွင့်ခြင်း
မြူးရယ်-စိတ်ပျော်ရယ်မောခြင်း။
အကယ်ကယ်သို့—အဟုတ် အဟုတ်ကဲ့သို့, အကယ် အကယ်သို့။
လှယ်ဖယ်ပြောဘော်—အလွဲအလှယ်ပြောဆိုခြင်း။ မေးတလွဲ ဖြေတခါပြောဆိုခြင်း။
နာပျော်စရပ်—။ နားထောင်ဟန် စိတ်ပျော်ရန် အသွင်ဖြင့်, (ရုပ်ကား-ရူပ ဟူသော ပါဠိမှ ပျက်ယွင်း လာသော စကားဖြစ်သည်၊ ရူပ-အသွင်, အပြင်, ဇ-မူအရာ)
ရိပ်ခြည်မြူ့ပ်၍-အရိပ် လက္ခဏာကို ပေါ်မပြဘဲ, အရိပ်နိမိတ်ကို မထင်မရှားစေ၍ (ရိပ်ခြည်—ဇ-ရိပ်အခြည် ဟု ဆိုလိုရင်းဖြစ်သည်)
စက်ဆုပ်ဆဲငြိ—သူ့စကားကို ရွံရှာစက်ဆုပ်၍ စိတ်နှလုံးထဲကငြိုငြင်စွန့်ပယ်ပါ၊
ဘို့စိတ်မှာ—ငါတို့စိတ်မှာ၊
သိသာမဲ့ထွေ—အသိမဲ့အောင်, သူမသိအောင်။

## လင်္ကာအမှတ်(၇)စကားပြေ

သူသာလျှင် လူလိမ္မာလူတတ်တယောက်ဟုပရိသတ်အလယ်၌ အသံကောင်းဟစ်၍ ပြောတတ်သော နှုတ်ချိုသူ၏စကားကို စိတ်မဝင်စားသော်လည်း၊ သူပြော သမျှစကားကို အဟုတ် တကယ်နှစ်သက် လေဟန် မျက်နှာ

ထားအမူအရာမျိုးဖြင့် မေးတလှဲ့ ဖြေတခါပြောဆိုခြင်းကို ပြုလုပ်ပါလေ၊ သူ့စကားကို နားထောင်ဟန် စိတ်ပျော် ရွှင်ဟန်အမူအရာကိုပြု၍၊ စိတ်တွင်းက ရှုံ့ရှာစက်ဆုပ်ကြောင်းကို၊ သူမသိအောင်ပြုခြင်း၌တတ်သိလိမ္မာပါစေ။

* * *

## လင်္ကာအမှတ်(၈)ခက်ဆစ်အဖြေ

ဝါသနာ-ဝါသီ(ပါဠိ)အလေ့အကျက်။
ထွတ်-မြတ်သော,အထွတ်အမြတ်။
ဝါသနာထွတ်-မြတ်သောအလေ့အကျက်။
ကောင်းရာညွှတ်သား-ကောင်းရာ၌သာ စိတ်ကို ကိုင်းညွှတ်တတ်သော။
အကြုံခံသင့်၍-အတွေ့အကြုံသင့်၍(ကြုံ=တွေ့သည်။)
ဆိုခွင့်-ပြောဆိုရန်အခွင့်။
သုဘာသိတ-(ပါဠိ)ကောင်းစွာဆိုခြင်း (သု-ကောင်းစွာ ဘာသိတ-ဆိုခြင်း၊ သု+ဘာသိတ-ကောင်း စွာ ဆို ခြင်း။)
ပီယ-(ပါဠိ)ချစ်ခြင်း။
ဓမ္မ-(ပါဠိ)တရား။
သစ္စ-(ပါဠိ)အဟုတ်အမှန်။
အင်္ဂါလေးတန်-အင်္ဂါ လေးပါး (အင်ကား-အင်္ဂါမှ ပျက် ယွင်းလာသောစကားဖြစ်သည်။အင်္ဂါ-အစိတ်အပိုင်း)

စကားအရာ အင်္ဂါ ၄-ပါး

သုဘာသိတဝါစာ-ကောင်းစွာဆိုခြင်း၊

မိယဝါစာ-ချစ်ဘွယ်ဆိုခြင်း၊
ဓမ္မဝါစာ–တရားနှင့်ယှဉ်၍ဆိုခြင်း၊
သစ္စဝါစာ–အဟုတ်အမှန်ဆိုခြင်း၊
စကြာဒေဝေထာင်းကို-ကြားနာရ ခဲ့သော ထုံး ကောင်း ကို
(ထောင်းကား-များခြင်း အနက်ကို ပြသည်၊ဖုံထောင်း
ထောင်း၊နေ့ခါသထောင်းထောင်းကို ရှု။)

သက်ဒအမှတ်(၇)စကားပြေ

ကောင်းရာ၌သာ စိတ်ကို ကိုင်းညွတ်၍ မြတ်သော အာ
ဃေ့ အာလာရှိသော သူတော်သူမြတ်တို့နှင့် အခါ အခွင့်
ကြုံကြိုက်၍ စကားပြောဆိုရသည့် ရှိသောအခါ၊ အကျိုး
စီးပွားနှင့်စပ်သော စကားကို ဆိုပြောခြင်း၊(၁) သုဘာသိ
တအင်္ဂါ။ချစ်ဘွယ်သော စကားကိုပြောဆိုခြင်း။(၂) မိယ
အင်္ဂါ။တရားနှင့်စပ်သော စကားကိုပြောဆိုခြင်း။ (၃)ဓမ္မ
အင်္ဂါ၊မှန်ကန်သောစကားကိုပြောဆိုခြင်း။ (၄)သစ္စအင်္ဂါ
ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသောစကားဖြင့် ဘော်ပြည့္ဘန်
ကြားအပ် သော ကြားနာရ ခဲ့သည့် ထုံး ကောင်း ပုံဖြင့်
ကောင်းများကို အကျိုးအကြောင်းနှင့် လျော်ညီစွာ-အာသိ
အလိမ္မာ ညာဏ်ပညာဖြင့် ခွဲစိတ် ဝေဘန်ခြင်းကို ပြုနိုင်
ပါစေ။

* * *

လက်ဒအမှတ်(၈)ခက်ဆစ်စာပြေ

မနောဓမ်ရ–မြင်သူ၏ စိတ်နှလုံးကို ဆွဲငင် နိုင် လောက်

ဆောင်လှပသည့် နတ်သမီး (မနော“ပါဋ္ဌိ”စိတ်။ ဟာရ
ဆောင်နိုင်သောသူ။)

ရှု့ဘုံ့ချေသို့-လူ၏ဘုံသို့ ကျရောက် သကဲ့သို့ (ဘုံကား
ဘုမိဟူသောပါဠိမှ ပျက်ယွင်းလာသော စကားဖြစ်သည်)

တိမ်းညွတ်-ယိမ်းယိုင်ခြင်း,ကိုင်းညွှတ်ခြင်း။

သည်းအူပြုတ်မျှ—အသည်းအူပြုတ်လုမတတ်။

ဆွတ်-ယှုစွမ်းသောသဘော,ချူဆွဲသောသဘော။

ကြွင်းဘွယ်-ချစ်ခင်နှစ်သက်စရာ,ခင်မင်ချစ်ကြွင်စဘွယ်။

ဆင်းနိကာယ် အပြစ်ကင်းသော အဆင်းပြင်လျှာ,အပြစ်
ကင်းသောအဆင်းသဏ္ဌာန် (နိကာယ် ကား နိကာယ
ဟူသောပါဠိမှ ပျက်ယွင်းလာသောစကားဖြစ်သည်။
နိ-အပြစ်ကင်းသော၊ကာယ-ကိုယ်။)

တင့်တယ်ရုပ်သွင်-ဖွယ်ရာသော အသွင်အပြင်, ထယ်ဝါ
သောအသွင်သဏ္ဌာန်။

အထွတ်တင်သည်- အထွတ်အမြတ်ထားသည်။

ဖြစ်ချင်ကစေ — ဖြစ်သည်မှန်စေ (ချ-ကျကဲ့သို့ ချင်-
ကျင်ကိုမှတ်၊ ဖြစ်ချင်-မဖြစ် ရသေး။ ဖြစ်ကျင်-ဖြစ်ပြီး
သည်။)

တွေဦးဘ-အသူးထူးအထွေထွေ,အများအပြား။

စွန်းငြိ-တတ်စွန်း။ငြိတွယ်ခြင်း။

ဘေးတိပြစ်ဆင်-အပြစ်ဘေးဒါဏ်ရှိခြင်း၊

မဖျို့စေသာ—မပျို့စေသင့်(ပျို့-စိတ်ပျို့လွင့်သည်။)

ဆိတ်ဇွယ်ရာန္ဒ-မျက်ကွယ်ရာန္ဒ, မျက်စိကွယ်ရာန္ဒ, ဆိတ်

ငြိမ်ရာ၌(ဆိတ်- ဆိတ်ငြိမ်သည့်,တိတ်ဆိတ်သည်။)
**ရှောင်စွါမဆား**-ရှောင်တိမ်းခွင့်မရ,ရှောင်လွှဲခွင့်မရှိ။
**စိတ်လောဘကို**-လိုချင်မက်မောခြင်း စိတ်ကို (လောဘ-
ပါဠိ)လိုချင်သောသဘော။ စိတ်ကား-စိတ္တ ဟူသော
ပါဠိမှပျက်ယွင်းလာသောစကားဖြစ်သည်။
**နိစ္စ**-(ပါဠိ)-အမြဲ,မြဲခြင်း။
**မျှဉ်နိုင်စေ**-ကွဲကွာအောင် လုပ်နိုင်စေ။ (ဖျဉ်-ကွဲကွာ
အောင်လုပ်သည်)

**လင်္ကာအမှတ်(၉)စကားပြေ။**

မနေ့ဘဲ ဟာရိနတ်ဘီလူးသည် လူ့ဘုံသို့ ကျရောက် လာ
သကဲ့သို့ မြင်သူတို့၏စိတ်နှလုံးကို အသည်းအူ ကြွေပြုတ်
ကျစေလောက်အောင်သွေးငင်ဆောင်ယူနိုင်သောမြတ်နိုး
ခင်မင်ချစ်ကြင်စဘွယ် တင့်တယ်သော အဆင်းပြင်လျာ
နှင့်ပြည့်စုံသဖြင့် လောကတွင် အထွတ်အမြတ်ဆုံးမိန်းမ
ချောတယောက် ဖြစ်နေသည် မှန်ပါစေ။ ပညာရှိတို့သည်
ဘေးဒုက္ခရောက်လိမ့်မည်ဟုထင်မြင်သော် မိမိစိတ်နှလုံး
ကို ထိုမိန်းမသို့ဆံခြည်ခန့်မျှမပြန့်မလွင့်အောင် ချုပ်တည်း
ထားသင့်၏၊ မျက်ကွယ်ရာ၌ တိမ်းရှောင်ခွင့် မရသဖြင့်။
ထိုမိန်းမနှင့်ရင်ဆိုင်တွေ့ကြုံရပြန်သော် အသားစား ဘီလူး
မဟု အမှတ်ပြုကာ။တပ်မက်တတ်သောတဏှာလောဘ
စိတ်ကိုအမြဲထာဝစဉ်မိမိကိုယ်မှကွာနေအောင် ပြုလုပ်နိုင်
စေ။

* * *

## လင်္ကာအမှတ်(၁၀)ခက်ဆစ်အပြေ။

ဟိရိဩတ္တပ္ပ(ပါဠိ)ဟိရိ-မကောင်းမှုမှရှက်ခြင်း၊ ဩတ္တပ္ပ-မကောင်းမှုမှ ထိတ်လန့်ခြင်း။
စောင့်ကြပ်-စောင့်စည်းထိန်းကြပ်။
မဂ္ဂင်-မဂ္ဂ,အင်္ဂါ၊
ခပင်း-(ပေါရာဏ)-အများ။
ညွှာငြေ-အထက်အောက်(အညွှာ,အငြေဟု ဆိုလိုရင်းဖြစ်သည်။အညွှာ-အထက်။အငြေ-အောက်)
သင့်မသင့်ဘု-တော်မတော်,လျော်မလျော်ဟု။
ငြိတွယ်-ကပ်တွယ်,ငြိကပ်။
ပည်းဖြင်-(ပေါရာဏ) များပြားသည့်, အများ (ပည်း-များသည်၊ဖြင်-များသည်)
အထွေထွေသား-အမျိုးမျိုးသော။
ရွှေစင့်အတိ-ရွှေငွေ သက်သက်(အတိ-သက်သက်)
တောင်ရှိ-ဘောင်မှရှိလောက် ရှိသည်။
ညွှိယောခက်ချွဲခမ်း-နံစော်သည့်ရွှေ့ခန်း။
ထင်းပန်း (ပေါရာဏ)တူသည်။
တပ်စွန်းမဲ့ထွေ-လိုချင်တပ်မက်ခြင်းမရှိ။

## လင်္ကာအမှတ်(၁၀)စကားပြေ။

ရှက်ကြောက်ခြင်းရှိကုန်သော အထက်ပိုင်း အောက်ပိုင်းရှိ လူအားလုံးတို့သည်။ မိမိ၏အကြောင်းကို ကြားသိသဖြင့်၊ ဤအမှုကား မတင့်မတယ် ရှက် ကြောက် ဘွယ်

ဖြစ်သော အမှုတည်းဟူ၍ ပြောဆိုဖြစ်တင်ခြင်းပြုကြလိမ့်မည်ဟုထင်သော် အရေအတွက်များပြားလှသော အမျိုးမျိုးသော အွှန်ငွတ္တိသည်၊ဆောင်မှုလောက်မိမိနှ ့်သို့ပုံ၍ရောက်လာသော်လည်း။ထိုအွှန်ငွတ္တိကို နံ့စော်သောရွှေပေါက် တံထွေးပေါက်ကဲ့သို့ မှတ်ထင်၍ ထိုချင်တပ်မက်သောစိတ်အာသာကိုပယ်ပျောက်နိုင်ပါစေ၊

လက်ခံအမှတ်(၁၁)ခက်ဆစ်အဖြေ

ငါးမည်သဘင်း-ငါးပါးသီလ,(သီတင်းကား-သီလဘင်းဟုဆိုလိုလျှက်။ လ-တသုံးကိုချေထားသောဝေါဟာရစကားဖြစ်သည်-သီသကိုသီဘင်းဟူ၍ ခေါ်ဝေါ်ရေရှိကြသည်။(တင်း-ပြည့်ခြင်း။ သီတင်း သီလ-ပြည့်ခြင်း)

အရင်း-အမြစ်အရင်း။

မြတ်စာရ-မြတ်သောအကျင့် (အာစာရ"ပါဠိ"အကျင့်။ ၎င်းမှအာကိုချေ၍ မြတ်စာရဟုဆိုထားသည်)

အဘိဏှာ-(ပါဠိ)-သူတပါးစည်းစိမ်ကို ပျက်စီးအောင်ကြံစည်မှု။

ပညာခဲ့ခြား-အသိဉာဏ်ကင်းသဖြင့်။

ဆည်းမငံ့-ဆည်းတားဆိုင်းငံ့ခြင်းမရှိ၊

တံ့တံ့ဇလွှဲ-မရှောင်မလွှဲခိုင်မြဲစွာနေလျက် (တံ့ကား-ခိုင်မြဲစွာနေခြင်း၊တံ့စားခြင်း,တည်တံ့ခြင်းကိုဆိုသည်)

ယွင်းဖောက်ကြည့်မဲ့-မှားယွင်း ဖောက်ပြန်ခြင်းမရှိဘဲ,
စွန်းစွာသွေဖီခြင်းမရှိဘဲ။
ပရိစ္စယာ-(ပရိစ္စ)သိမ်းဆည်းသည့် ကိုယ်ကိုမသည်။
သီလကြည်ဆုံး-အစင်ကြယ်ဆုံးသီလ(ကြည်-လင်သည်, စင်-ကြယ်သည်,ကြည်လင်စင်ကြယ်သည်)

## လင်္ကာအမှတ်(၁၁)စကားပြေ

ငါးပါးသောသီလမြတ်သည်စီးပွားချမ်းသာခြင်း၏ အရင်းအမြစ်အစစ်အမှန်တရားဖြစ်၏။သင်သည်သူတပါးဥစ္စာကိုလိုချင်မက်မော သောကြောင့် အကျင့်အမူ ဖောက်ပြန်မှားယွင်းမည်ရှိသော်၊ သင့်ကိုချက်ခြင်းပင် ထိုးခုတ်သတ်ဖြတ်တော့အံ့ဟု လက်နက်စွဲကိုင်၍ ခြိမ်းခြောက် ပြောဆိုသောအစောင့်အကြပ်ငါးယောက်နှင့် ငါးပါးသောသီလတို့သည်တူကုန်၏၊ထိုသီလတည်းဟူသော သူငါးယောက် ခြိမ်းခြောက်သည်ကို ကြောက်ရွံ့တုန်လှုပ်သော စိတ်ဖြင့် မိမိကိုယ်ကို သိမ်းဆည်းမစ၍ အစင်အကြယ် ဆုံးသော သီလကိုဆောက်တည်ပြီးလျှင်၊ ထိုသီလ၌ စိတ်နှလုံး စွဲမြဲအောင်ပြုစွမ်းနိုင်စေ။

* * *

## လင်္ကာအမှတ်(၁၂)ခက်ဆစ်အဖြေ

ဆိုဘွယ်အရေး-၊သူနှစ်ပါးလျှင်-တရားဖြစ်လာသူနှစ်ဦး,
တရားဆိုလာသူနှစ်ဦး,အမှုဖြစ်လာသူနှစ်ဦး။
ပိုင်းခြားစိမ့်ငှာ-တရားကိုဆုံးဖြတ်စိမ့်ငှာ။

ကပ်ဖပေသာရှု-ရောက်လာမှု။
ဟံနိုး-မတရားမှုကိုပြုစေရန်-ရည်သံ၍ပေးသောဥပ္ပါ။
ရှိုခကြောက်မဲ့တွန့်-ရှိုကြောက်ခြင်းမရှိစေဘဲ။
မဲ့တွန့်-မရှိအောင်ပြု, ကင်းကွာအောင်လုပ် (တွန့်ကား-ပေါ်ထွက်အောင်ပြုခြင်းကိုဆိုသည်)
မချန်မြဲဟာ-မိုက်မဲတွေဝေခြင်းကို ချန်မထားဘဲ၊ တွေဝေခြင်းကိုမကျန်စေဘဲ (မောဟ"ပါဠိ"တွေဝေခြင်းသဘော)
ဒေါသစရှု-အမျက် ထွက်ခြင်းကို မပြု (ဒေါသ "ပါဠိ" အမျက်ထွက်ခြင်းသဘော)
မနုလမ်းဖောင်း-မနုဓမ္မသတ်၌လာသော ဆုံးဖြတ်ချက်အဖောင်း (မနုဓမ္မသတ် ဟူသည်ကား ရှင်မနုရသေ့စီရင်ပြုစုထားခဲ့သော ဓမ္မသတ်ကျမ်းကိုဆိုသည်)
တမျဉ်းကြောင်းဝယ်-ဖြောင့်မတ်သော လမ်း၌ (တမျဉ်းဖြောင့်မတ်သော)

သမာဓိ-[ပါဠိ]တည်ကြည်ခြင်း။
ဂတိ [ပါဠိ]-ဉာဏ်ပညာ (ဂတိ သဒ္ဒါ ကား-သွားခြင်းအနက်, လမ်းခရီးအနက်, ဘဝတပါး လားရာဂတိအနက်, ဉာဏ်ပညာအနက်, အလိုအနက်, နေရာအနက်တို့ကိုဟောသည်။)
မယွင်း-မရွေ့ခြင်း,မရွေ့မရှားခြင်း။

## လင်္ကာအမှတ်(၁၂)စကားပြေ

သူနှစ်ဦးတို့သည် တရားအဆုံးအဖြတ်ခံရန်၊မိမိထံသို့ ကပ်ရောက်လာမူ၊ တံစိုး လက်ဆောင် ယူ၍ အမှန်ကိုအမှား-အမှားကိုအမှန်သို့ရောက်အောင်စီရင်ခြင်း, မျက်နှာကြီးငယ်လိုက်၍ စီရင်ခြင်း ရန်ငြိုးထားခဲ့ဘူးသူကို ဂလဲ စားချေလိုသော သဘောဖြင့် ဒေါသ ရှေ့ထားလျက် နိုင်ထိုက်သူကို-အရှုံးပေးခြင်းမျိုးဖြင့် စီရင်ခြင်း, ဥပဒေ ဓမ္မသတ်၊ဖြတ်ထုံး အရပ်ရပ် စသည်ကို မတတ်ကျွမ်းသဖြင့် ရှုံးထိုက်သူကို အနိုင်-နိုင်ထိုက် သူကို အရှုံးပေးခြင်းမျိုး ဖြင့်အမှားကိုဆုံးဖြတ်မိခြင်းတည်းဟူသောအဂတိ ၄-ပါး မှရှောင်ကြဉ်၍ မနုဓမ္မသတ် ဖြတ်ထုံး များဖြင့် တခြေး တည်း ညီညွတ်အောင်၊ စိတ်ကို တည်ကြည်စေ ပြီးလျှင် ဉာဏ်ပညာဖြင့်ယှဉ်စေမင်း။

အဂတိ ၄-ပါးကား။

(၁) ဆန္ဒာဂတိ–တံစိုးလက်ဆောင်ယူ၍ ရှုံးထိုက်သူကို အနိုင်ပေးခြင်း။

(၂) ဒေါသာဂတိ–အမျက်ထွက် သဖြင့် နိုင် ထိုက် သူကို အရှုံးပေးခြင်း။

(၃) ဘယာဂတိ–ဘေးကို ကြောက်၍ ရှုံးထိုက် သူကို အနိုင်ပေးခြင်း။

(၄) မောဟာဂတိ–ဥပဒေဓမ္မသတ်၊မတတ်ကျွမ်းသဖြင့် အမှားမှားဆုံးဖြတ်စီရင်ခြင်း။

## လင်္ကာအမှတ်(၁၃)ခက်ဆစ်အဖြေ

အတိဂမ္ဘီ(ပါဠိ)အတိ–အလွန်။ ဂမ္ဘီရ-နက်နဲသော အ

အတိ×ဂန္ထိရ- အလွန်နက်နဲသော)
အင်ညီ–ဂုဏ်အင်္ဂါနှင့်ညီလျော်သည်။
မြောက်မြား–အစုအပုံကြီးမားသည်, များစွာကဲမောက်သည်၊
သူ့ရည်သွားကို- သူ့အရည်အချင်းကို,သူ့ပွမ်းရည်ကို၊
လူသူတော်–လူသူတော်ကောင်း။
တွေ့မရဲ–တွေ့လျှင်အားရတင်းတိမ်ခြင်းမရှိခြင်း။
ဆကဲလွန်–အဆပိုကဲလွန်ကျူးခြင်း။
သူ့ထက်ဘူးသား–သူ့ထက်ပိုကျူးအလွန်ထူးသော။
ပွဲလယ်ချက်ဝယ်–ရောင်းဝယ်ရန်စုဝေးနေသောလူစုအလယ်၌(ဈေးအခါကဈေးကိုပွဲဟု အခေါ်များသည်)
ဘိုးနဂ်ကုန်ကောင်း–အဘိုးထိုက်သောကုန်ကောင်း အအဘိုးတန်သော ကုန်ကောင်း နဂ်ကား-အနဃဟူသောပါဠိကို ဖျက်၍သုံးထားသောစကားဖြစ်သည်။ အနဃ-အဘိုးများစွာထိုက်သော)
အစွံနွှောင်းဆို–ဝယ်သူလော ကြာနှေးနောက်ကျန်နေသကဲ့သို့။
ကံယောင်း-ဈေးကပြုခဲ့ဘူးသော အမှုယောင်း (ကံ-ကမ္မဟူသောပါဠိမှဖျက်ယွင်းလာသောစကားဖြစ်သည်။
လှူကြွေး အလှူကိုအကြွေးနှင့်နှိုင်းပြထားသောသဒိသူပစာစကားမျိုးဖြစ်သည် (အကြွေးသည် အချိန်စေ့လျှင် ပြန်ရသောဥစ္စာမျိုးဖြစ်သကဲ့သို့၊ အလှူလည်း အချိန်စေ့လျှင်အကျိုးခံစားရသောအမှုမျိုးဖြစ်သည်)

ခဲဆင်–ခက်ခဲသည် (အင်-ဆင်–"ပါဠိ"–ဖြစ်ဆင်, ဖြစ်ကြောင်းအင်, ဆဖြစ်,ဆကြောင်း။)

ဟွန်ငြိုငြင်လည်း–ဆလွန် ဆင်းရဲ ဒုက္ခဖြစ်သော်လည်း။

ဗျာပါဒ်တက်-ဗျာပါဒ ဝိတက္က(ပါဠိ) သူတပါးကို ပျက်စီးအောင်ကြံခြင်း(ဗျာပါဒ-ရန်ငြိုးဖွဲ့ခြင်း,အမျက်ပြုခြင်း ဝိတက္က-ကြံခြင်း)

လောကဓံ–လောကဓမ္မ(ပါဠိ) လူ့ပြည် လောက၌ ဖြစ်လေ့ရှိသော တရား (လောက-လူ့ပြည် လောက။ ဓမ္မ တရား။)

လောကဓံတရားရှစ်ပါးကား။

(၁) လာဘ–လာဘ်ရခြင်း။
(၂) အလာဘ–လာဘ်မရခြင်း။
(၃) ယသ–အခြံအရံများခြင်း။
(၄) အယသ–အခြံအရံနည်းခြင်း။
(၅) နိန္ဒာ–ကဲ့ရဲ့ခြင်း။
(၆) ပသံသာ–ချီးမွမ်းခြင်း။
(၇) သုခ–ချမ်းသာခြင်း။
(၈) ဒုက္ခ ဆင်းရဲခြင်း။

နိယံ -(ပါဠိ)အမြဲ,မကွေမကွာ။

သံဝေ– သံဝေဂ(ပါဠိ)ထိတ်လန့်ခြင်း။

ဒါန-(ပါဠိ)ပေးကမ်းခြင်း။

သီလ-(ပါဠိ)မကောင်းမှုမှရှောင်ကြဉ်မှုကိုကျင့်ခြင်း။

ချမ်းရိပ်ခိုစ္ဆ် -ဧးချမ်းသည့်အရိပ်၌နေ၍။ဧးချမ်းရာ၌ခိုမှီ၍။

ကုသိုလ် -(ပါဠိပျက်) ကောင်းသောအကျိုး (ကုသလ-ကုသိုလ်)

လင်္ကာအမှတ်(၁၃)စကားပြေ။

အဘိုးထိုက်,အဘိုးတန်, ကုန်ကောင်းများပင် ဈေးပွဲအလယ်၌ ဝယ်သူမပေါ်ဘဲ အရောင်းရ (အစွံ) နှေးတတ်သကဲ့သို့။ အလွန် နက်နဲ သိမ်မွေ့သော အရည် အသွေးဂုဏ်ကျေးဇူးများကို မှတ်သား ကြည့်ရှုထေ့ရှိသော သူတော်ကောင်းတို့သည်။ တွေ့ကြုံရလျှင် ဝမ်းမြောက် ဝမ်းသာလှသဖြင့်။ တင်းတိမ်ခြင်း မရှိနိုင် လောက် အောင်ကောင်းမြတ်သော သူတပါးတို့ထက် လွန်ကဲ ထူး မြတ်သည့်ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသူဖြစ်ပါလျက်။ ရှေးက ပြုဘူးသော ကုသိုလ်အကျိုး ပေးနှောက်နှေး ကြန့်ကြာတတ်၍၊ထိုသို့နှောက်နှေးကြန့်ကြာသဖြင့်။ ငြိုငြင်ပင်ပမ်းခြင်းရှိပါသော်လည်း သူတပါးကို ပျက်စီးအောင် မကြံစည်လေနှင့်၊ဤကဲ့သို့ဆင်းရဲရခြင်းအား လောက၌ ဖြစ်တတ်သော လောကဓံတရားအဘိုင်းဖြစ်ရ တွေ့ကြုံရမြဲ ဖြစ်ပေသည်ဟု ထိတ်လန့်ခြင်းဖြစ်ပြီးလျှင်။ မိမိထတ်စွမ်းနိုင်သမျှအလှူပေးခြင်းသီလကျင့်သုံးခြင်းတို့ကို ကြည်ညိုနှစ်သက်၍ ငြေးချမ်းသောအရပ်၌နေပြီးလျှင် အရင်း အနှီး ဖြစ်သော ကုသိုလ် ပွားများအောင်ပြုပါလေ။

* ❀ *

လင်္ကာအမှတ်(၁၄)ခက်ဆစ်စကားပြေ

ဒါန-ပေးကမ်းခြင်း။

ဒီသ-မကောင်းမှုမှရှောင်ကြဉ်၍ကျင့်ခြင်း။
အဓိဋ္ဌာန်-အဓိဋ္ဌာန(ပါဠိ)စိတ်ဆောက်တည်ခြင်း။
ရှင်ဖြိုး-ပြည့်ဖြိုးသည်,ပြည့်ပြူးသည်၊
မစိုးမရိမ်-စိတ်ပူပန်ရခြင်းမရှိ။
နိုဝ်ဖြိုး-(ပေါရာဏ)အများ,ပေါများသည်။
ရည်တိုင်း-ကြံရွယ်သမျှ,လိုသမျှ,တောင့်တသမျှ။
ပြီးရှု-ပြည့်ဝစုံလင်သော်၊ပြည့်စုံသော်။
ဆွေမျိုးနီးစပ်-နီးစပ်သောဆွေမျိုး။
ခကျေးရင်း-ကျေးကျွန်အရင်းအချာ၊
မေတ္တာစိတ်ဝင်-မိမိချစ်နှစ်သက်သူ၊
ထိုင်ပင်နှီးချက်-တိုင်ပင်ဘော်တိုင်ပင်ဘက်ရသူ။
ပေါင်းဘက်တူနေ၊ အဆွေခင်ပွန်း-တ(ူ)အိမ်ထည်း နေ
သော-အဆွေခင်ပွန်း(ခင်ပွန်း-မင်ခင်ပွန်းတီးသူ။)
သင်္ဂြိုဟ်-သင်္ဂြိုဟ(သင်္ဂဟ)ထောက်ပံ့သည်။
သုမ္ဘန်တာဘာ-သူမြတ်အများ။
တာကာ-(ပေါရာဏ)အများ,အပေါင်း။
ကျင့်မြဲတမ်းဖြင့်-ကျင့်ရိုးအစဉ်ဖြင့်။
စိတ်ဝမ်း-စိတ်နှလုံး။
ဖြောင့်စင်း-ဖြောင့်မတ်တည်ကြည်သည်။
ကြည်စေမင်း-ကြည်ဖြူနိုင်စေမင်း။

လင်္ကာအမှတ်(၁၄)စကားပြေ

အလှူပြုခြင်း, သီလကျင့်သုံးခြင်း, စိတ်နှလုံးဆောက်
တည်ခြင်းဟူသော ရှေ့ကောင်းမှုကြောင့် စိတ်ပူပန်ခြင်း

ကင်း၍ စည်းစိမ်ပေါများခြင်း, လိုသမျှပြည့်စုံခဲ့သော်၊ နိုးစပ်သောဆွေမျိုး၊ မစကြည့်ရှုရသူများ၊ နီးရင်းသောကျေးကျွန်များ မိမိချစ်နှစ်သက်သူများ၊ အတူနေမိတ်ဆွေများနှင့်လူ့ရှင်ရဟန်းစသည်တို့ကို၊ သိမ်းမြန်းကြည့်ရှု၊ ထောက်ပံ့မှုကြွင်းကျန်သေးသည်(လိုလေသေးသည်) မရှိစေနှင့်၊ သူတော်သူမြတ်တို့၏ အစဉ်အလာဖြစ်သောကျင့်ဖိုးကျင့်စဉ်နှင့်အညီ၊ စိတ်နှလုံးကို ဖြောင့်မတ်စေည်ကြည်စွာကြည့်ရှုနိုင်စေမင်း။

❦ ❦ ❦

### လင်္ကာအမှတ်[၁၅]ခက်ဆစ်အဖြေ

ဖလိကောဘာ–(ပါဠိ)ဖလိကဩဘာတိရသ–ထွန်းပသောအရောင်ရှိသော–မြ(ဖလိက–မြ။ ဩဘာတိ–ထွန်းပသော။ ရသ–အရောင်)

ပြည့်ထန်မြ–တိုင်းပြည် တပြည်လောက် အဘိုးထိုက်သောမြ။

သိင်္ဂီ–(ပါဠိ)သိင်္ဂီမည်သောရွှေ။

ရွှေညှစ–ကျောက်စိနှစ်အပ်သောရွှေထည်။

ရတနာ–(ပါဠိ) ချစ်နှစ်သက် ခြင်းကို ဖြစ်စေ တတ်သောအရာ။

အဝါလျှံထက်၊ ရောင်ခြည်ထွက်မှု–အရောင်အဝါထွက်သော်။

ရွှဲချီး–ချီးမြှောက်သည်(ဖွဲ့ဖြိုးဟူ၍လည်းမူကွဲရှိသည်)

ကြီးငယ်အမျက်–အမျက်ဒေါသနည်းများဒမဆို။

စခန်းမာန်တက်မူ–မာန်မာန ထောင်လွှားမှု (မာန်ကား မာနဟူသောပါဠိမှပျက်ယွင်းလာသောစကားဖြစ်သည်။)
ရန်ဖြိုင်းဒေါသ–အာသွန်ခက်ထန်ကြမ်းတမ်းသောဒေါသ။
ဒေါသ- (ပါဠိ) အပြစ်, ကြမ်း ထမ်းသောသဘော ရှိ သောစိတ်။
စိတ်နှာဂကို–ဆင်နှင့်တူသောစိတ်ကို(နာဂ-ပါဠိ၊ဆင်)
ဉာဏ်ဘာချွန်း-ဉာဏ်တည်းဟူသောချွန်း။

လက်ခံအမှတ်(၁၅)စကားပြေ

ပြည့်တန်သော မဟာဒိဗ္ဗာတိရည် မြ-ကျောက် ရတနာစီခြယ်အပ်သော သိင်္ဂီဖြင့်ပြီးသော ဖွဲ့ထည့်သည့် ထည်း အရောင်အဝါထွက်သော်၊ လူအများ နှစ်သက်ခင်မင်လှသဖြင့် အဘိုးထိုက်၏၊ရင်းပြင်-လူ့လောကဌာ အမျက်ဒေါသ နည်းများမဆို တက်သော ထောင်လွှားထက်ကြွ၊ မာန်မာနကြီးသူကို၊လူအများတို့ပေါင်းသင်းဆက်ဆံခြင်း မပြုလိုကြကုန်၊ ဤထုံးပုံကို သားမောင်မင်းသည်လည်း၊ စိတ်နှလုံး၌ အမြဲမှတ်ယူ သိမ်းပိုက်ကာ၊ ဆင်နှင့်တူသော စိတ်ကိုရင်း၊ ဆင်မုန်နှင့်တူသော ဒေါသအမျက်ကိုရင်း၊ ချွန်းနှင့် တူသော ဉာဏ်ပညာဖြင့် အမြဲ ထိန်းအုပ် နိုင်စေမင်း......။

❦ ❦ ❦

လက်ခံအမှတ်(၁၆)ခက်ဆစ်အဓိပ္ပာယ်

သူစိမ်းချမ်းကို–သူစိမ်းကို(ချမ်း-စိမ်းသည်)
ရှုစမ်း–ကြည့်ရှုဆင်ခြင်သည်။

ခနော-နှိုင်းစေသည်။
သတိ-(ပါဠိ)အောက်မေ့ခြင်း။
မချော-မချောမင်သော,မသင့်လျော်သော။
ကွယ်စကားကို-ဖုံးကွယ်အပ်သောစကားကို။
ဖြိုယ်သည့်ယောင်သို-ကျီစယ်သည့် အဟန်ဖြင့်.(ဖြိုယ်-
ကျီစယ်သည်-ဖျောင်သည်။ ။ယောင်-အယောင်
ဆောင်အတု-ဟန်ပြုသည်)
ငွဲဘောင်ဆိုထုံ့-လူအများ ရှေ့၌ပြန်၍ ထုတ်ဖော်ပြော
သည်။
ဘောင်-(ပါဠိ)ဖြစ်ရာ အရပ်။ (ဘဝန-ဟူသော ပါဠိမှ
ပျက်ယွင်းလာသောစကားဖြစ်သည်။
ထုံ့-ပြန်၍ပြုသည်(ထုံ့ကား-တုံ့၏ကာရိုက်စကားတည်း)
နှုတ်ထုံ့လွဲ-ပြန်၍ မချောပဘဲ (လွဲကား-လဲ၏ ကာရိုက်
စကားတည်း)
ဝမ်းဆဲ-နှလုံးစိတ်ဝမ်းထဲ၌၊
ဖွေ-ပြောဆိုသည်။
ဇေါ်-အသံ (ကြက်မတာအော်-ဒေါင်းတဇေါ်မှူဟူသော
လင်္ကာကိုသတိပြု)
မပွက်ဖော်တည့်-ထုတ်ဖော်၍မပြောဘဲ။
သည့်သေဝ်တရု-ဤသည့်ကား။

လင်္ကာအမှတ်(၁၆)စကားပြေ။

ရှေးကမသိကျွမ်းဘူးသော သူစိမ်းကို ကိုယ်နှင့်နှိုင်းပြီး။
သူတော်ကောင်းထင်မှတ်၍။ စဉ်းစားဆင်ခြင်ခြင်း မရှိဘဲ

သတ်ကင်းလွတ်သဖြင့်။သူတပါးကြား၍မသျှော်။ လျို့ဝှက်ဖုံးကွယ်အပ်သောစကားကိုပြောမိလေရာ။ ထိုသူသည်ဖွဲ့အားကိုးချိစယ်လေဟန်ဖြင့် လူရှေ့သူရှေ့၌ ထိုစကားကိုပြောဆိုချေသော်ထိုသူကိုပြန်လှန်၍မချေပလေနှင့် မျက်နှာလွှဲပြီးလျှင် နှလုံးစိတ်ဝမ်း၌ ဖြစ်ပေါ်လာသော ကြမ်းတမ်းစွာဆိုထိုသမျှကို ချုပ်တည်း၍ ဤသည့်ကား ငါ၏အမှားဖြစ်သည်ဟုစိတ်၌မှတ်ယူလေခင်း။

* * *

## လက်ဝဲအဖွတ်(၁၇)ခက်ဆစ်အဖြေ

**ဆိုင်ဖြိုင်အားအန်**-အားချင်းယှဉ်ပြိုင်တိုက်ခိုက်ခြင်း။

**လက်မတန်ရှု**-လက်ချင်းမမျှသော,အားချင်းမတူမျှသော်၊

**ချစ်ဟန်ပေါ်ကောင်း**-အပေါ်ယံက ချစ်ချင် ဟန်ဆောင်လျက်။

**အထဲ၌ချောင်းချောင်း**-ဝမ်းတွင်းကအခါအခွင့်ကို ကြိုးစည်စောင့်မြော်လျက်(ချောင်း-စောင့်ကြည့်သည် ချောင်းကြည့်သည်,ချောင်းမြောင်းသည်။)

**တသမင်ဖြင့်**-တသံတည်း,တဖြောင့်တည်း။

**ယွင်းချွတ်မရှိ**-အမှားအယွင်းမရှိ။

**ညီလေဖြို့ထား**-တညီတညာတည်းဖြစ်ခဲ့သော်။

**တခါ** - အနည်းငယ်၊

**ရက်ရက်**-ကွဲကွာအောင်ပြုခြင်း,လွတ်လွတ်။

**ခက်ချိမ့်**- ခက်ချေအံ့၊

**မခဲဘို့ဝယ်**- မခက်မခဲတော့ပြီ။(မခဲဘို့-မခဲတော့)

ဥပါယ်-ဥပါယ (ပါဠိ)အပြုအမူ-အကြံပြီး မြောက်ရန် အကြောင်း။
တမျဉ်-တရံ့တမည်။
စိတ်ညှာခဦ-စိတ်ညှာသက်,စိတ်သဘော, စိတ်အလို။
သူ့ကြံရည်ကို-သူ့အကြံအစည်ကို။
ရိပ်ခြည်ဘမ်းခြင်း-အရိပ်အခြည်ကိုသိအောင်လုပ်ခြင်း၊

## လင်္ကာအမှတ်(၁၇)စကားပြေ

ယှဉ်ပြိုင်တိုက်ခိုက်ကြရာ၌၊ အင်အားခြင်းမျှသော်၊ ထို သူကိုချစ်ခင်ဟန်ဆောင်ပါလေ၊ စိတ်ထဲကမူ၊ သူ့ကို နိုင် ရန်၊ အခါအခွင့်ကို ရှာဖွေကြံစည်၍နေပါလေ။ ရန်သူတို့ သည် စိတ်ဝမ်းမကွဲဘဲ တပေါင်းထဲ,တစည်းထဲ,ညီညွတ် လျက်ရှိနေသေးမူ၊ ထိုရန်သူတို့အားနိုင်အောင် မပြုနိုင်ချေ။ ထိုသူအချင်းချင်းတို့ အယူဘောက်လဲ၊ သဘော ကွဲသွဲမှ သာ ဖျက်ဆီး၊ ရန်လွယ်ကူသည်ဟု နှလုံးသွင်းပြီးလျှင်၊ သူ့ သိနိုင်ခက်သောအကြောင်းတရဖြင့်၊ ထိုသူ၏ကောက်ကျစ် သောအကြံအစည်ကို အနည်းဆုံး အရိပ်အရောင်မျှ သိရ အောင်ပြုတတ်စေ။

## လင်္ကာအမှတ်(၁၈)ခက်ဆစ်အဖြေ

ထဲပ-အထဲအပ-အတွင်းအပြင်၊
ကွယ်မြင်-အကွယ်အမြင်-မျက်ကွယ်, မျက်မြင် (ကွယ် မြင်ကား ထဲပနှင့်သဘောတူဖြစ်သည်၊ကာရန်လိုက်၍ပါဒ ပြည့်အောင်ထည့်ရသောပဒပူရဏပုဒ်မျိုးတည်း)

မထင်နှစ်တွေ့နှစ်ရခထင်, မခြားမနား တသားတည်း။
(ထင်-မြင်သည်၊ ထင်ပေါ်သည်)
နီတုံ့ရွှေ-အရည်အရောင်,အသား အနား ကောင်းသော
ရွှေကောင်းတမျိုး။
တံတစ်-အမြဲ,အမှန်,အဖြောင့်။
သဘောကျစ်သား-သဘောသိပ်သည်းသော, သဘော
ကျစ်လစ်သိပ်သည်းသော။
မိတ်သုတော်-မိတ်ကောင်း,မိတ်မြတ်။
သူနှစ်ပါး၏-သင်နှင့်ထိုမိတ် ၂-ယောက်၏၊
မြင်လဘွန်သော်-မြင်လတ်သော်၊
နှလုံးကောက်တို့-စိတ်နှလုံးမဖြောင့်မတ်သူတို့။
တစဖျောက်ဆိတ်ဆိတ်-စိတ်ခကြည်မသာ။
ဝန်ထို-မနာလို မရှုလိုသောသဘော(ဝန်တိုခြင်းကို ပါဠိ
၌ မစ္ဆရိယခေါ်သည်)
မှာမှာ-အရပ်ရပ်။
မွေ့ချက်-မွေ့လျော်လျက်၊
တယောက်ဘပါး-တယောက်တမျိုး။
စကားပေးငင်-စကားအပေးအယူ(စကားပေးလည်းပေး
သည်။ယူလည်းယူသွားသည်ကိုဆိုသည်၊ ငင်-ကိုယ့်
ဘက်သို့ပါအောင်ဆွဲသည်။
ဆန်ကန်နွဲ့ထား-ပယ်ဖျန်၍ပြောသည်။(ဆန့်ကန်-ပယ်
ဖျန်သည်)
စကားသွယ်ပိုက်-စကားကိုဖွည့်ပတ်၍ ပြောခြင်း, တိုက်

ရိုက်မပြောဘဲ အရိပ်နိမိတ်မျှပြောခြင်း။
ချင်းအကြံကျြက်ဖြင့်-သူ့အကြံကိုက်ဖြင့်(ချင်း-သင်,သူ)
ကုန်းတိုက်ပြုသည်-အတင်းပြောသည်။ ကြံဖန်လည်ဆယ်၍ တဦး၏အကြောင်းကို တဦးအား ပြောသည်။ (ကတုန်းကတိုက်ဟူသည် ကုန်းတိုက်ခြင်းပင်တည်း)
ဩဇ-(ပါဠိ)အရောင်အဝါ (ဩဇာ အနက်ကား၊ ၁-အရောင်အဝါ၊ ၂-ထင်ရှားကျော်စောခြင်း၊ ၃-ခွန်အား ၄-ဩဇာရုပ်၊ ၅-ဩဇဂုဏ်ဟု ၅-ချက်ရှိရာ။ ဤနေ၌ အရောင်အဝါဟုဆိုလိုသည်။
ရိပ်ခြည်ဩဇ-စကားအရိပ်အရောင်မျှ။
တခွန်းဗာတ-စကားတခွန်းပြောက, ငကားတခွန်းမျှစ, လိုက်ကတည်းက။

လက်ာအမှတ်(၁၈)စကားပြေ။

နှိတ်ုရွေသည် အတွင်းအပြင်မခြားမနား၊ အခါကာလကိုလိုက်၍လည်း အရည်အရောင်ပေါက်ပြန်ခြင်းမရှိ။ပကတိအတိုင်းပင်မြဲသကဲ့သို့၊အကျိုးအပြစ်ကိုသိမြင်နားလည်သောပိတ်မြတ်၏စိတ်သဘောသည်လည်း။ အတွင်းအပြင်မကွဲဘဲ။အခါခပ်သိမ်းမြဲလေ၏။ထိုမိတ်မြတ်နှင့် ပေါင်းဖော်သောအားဖြင့်၊သင်တို့ ၂-ဦး စီးပွားတိုးတက်နေသည်ကိုတွေ့မြင်လတ်သော်၊စိတ်နှလုံး မဖြောင့်မတ်သူတို့ သည်။ စိတ်တွင်းက မနာလို,မရှုလို,ဝန်တိုကုန်သည် ဖြစ်၍။ သင်တို့ ၂-ဦးတယောက်ကိုတယောက် အထင်လွဲအောင် ထဦး၏အကျိုးကိုလိုလားဟန်နှင့်တဦးကိုအပြစ်တင်ကာ။ ချို

သာစွာသွယ်ဖိုက်ပြောဆို၍ စကားအရောင်းအာ လုပ်ဝယ်ကာကုန်းတိုက်တတ်ကုန်၏။ ထိုသို့ကုန်းတိုက်လာသူသည့် အရိပ် အမြွက် ဖြစ်သော စကားတခွန်းပြောက ငါတို့ ၂-ဦး ပျက်စီးအောင်ကုန်းတိုက်သည့်ဟုချက်ချင်းသိတတ်စေမင်း။

* ❀ *

## လက်ခအမှတ်(၁၉)ခက်ဆစ်အဖြေ

မိတ်ရန်မိုးဝါး-မိတ်ဆွေမှန်း-ရန်သူမှန်း အသေ အချာ မသိမမြင်(မိုးဝါး-မိမိရေမသိခြင်း, အသေအချာမသိမမြင်ခြင်း)

မှက်ထား-မသိမမြင်အောင် ဖုံးကွယ်ထားသည်။

မြှုကျိတ်-မကွဲမကွာ သိပ်သည်းအောင်လုပ်သည်၊ (မြှု-မကွဲမကွာ။ ကျိတ်-သိပ်သည်းအောင်လုပ်သည်)

ထဲကြံစိတ်ကို-စိတ်နှလုံးတွင်းကအကြံအစည်ကို။

တုံဆိတ်-တိုးတိုး သာသာ ပြောခြင်း၊ အသံမကျယ်ဘဲပြောခြင်း၊

ကြခဲပေလာခရူ-ပြောပေလာသော်,ပြောကြားလာသော်(ပေကားအကျကြီယာထည်း)

ချူချူဥဒဥ-ချိုသာသော အပြုအမူ အပြော အဆိုဖြင့် လောကွတ်ပြုခြင်း, ချိုချိုသာသာ စေ့စပ်ပြောဆို ပြုမှု လုပ်ဆောင်ခြင်း။

ချစ်မခယခန္ဒိ-ဖြားဆောင်းရန်ချစ်ဘွယ်နမူအရာမျိုးနှင့် မခထခ(ပ ဋ္ဌိ)ဖျည့်ပတ်ခြင်း,ဖြားယောင်းခြင်း။

သွေးဆောင်နှစ်ထေင်း-ဝမ်းမြောက် ဝမ်းသာ သွေး
ဆောင်၍။
နှုတ်ကောင်း-ချိုအေးသာယာစွာ ပြောဆိုတတ် ရှိသော
နှုတ်မျိုး။

လင်္ကာအမှတ်(၁၉)စကားပြေ

မိတ်ဆွေ, ရန်သူဟူ၍ ခွဲခြား၍မသိသူ တယောက်၏
သိပ်သည်းစွာ ရရှိတိုင်ပင်သော အတွင်းအကြံအစည်ကို
အကြင်သူတယောက်သည်၊ သင့်အားတိတ်တဆိတ် ပြော
ကြားလာမူ၊နောင်သိရလျှင်လည်း ဤအတူလာရောက်၍
ပြောပါဟု ထိုသူအား ဝမ်းမြောက်စွာ ပြောဆိုပါလေ၊
နောင်ခါသည်း မလွဲမသွေ ပြောလာချင်အောင်၊ ထူးခြား
သောအပြောအဆို အမူအရာဖြင့်၎င်း, ချစ် ဘွယ် သော
အပြောအဆိုအမူအရာဖြင့်၎င်း၊ ထိုသူကိုဝမ်းမြောက်ဝမ်း
သာသွေးဆောင်လှည့်ဖြား၍ ချိုအေးသာယာစွာ ပြောဆို
တတ်စေမင်း။

* * *

လင်္ကာအမှတ်(၂၀)ချက်ဆစ်အဖြေ

သွယ်လင့်တကူ၊ပေါ့အပြစ်-အလွယ် တကူ အပြစ် မယူ
လေနှင့်၊သူ့အပေါ်၌အပြစ်ယူမလွယ်လေနှင့်။
မုန်းချစ်မိုးဝါး-မုန်းသူမှန်း ချစ်သူမှန်း အသေအချာ မသိ
မမြင်(မိတ်ရန်မိုးဝါး၏၊ မုန်းချစ် မိုးဝါးဟု စကားလဲ
လှယ်ဆိုထားသည်)
မပွက်-မဆို,မပြော။

သူလျှို–သူတပါး၏ထံ၌ လျှိုထားသောသူ, သူတပါးထံ၌ တိတ်တဆိတ်ထည့်သွင်းထားသောသူ(လျှို–သွင်းသည်)
တခန်–တဦးမှတဦးထံသို့စေလွှတ်သောသူ။
ခရောက်ဟာန်–ရောက်ပုံရောက်နည်း၊
ခွေ့လည်–နည်းကောက်နည်းကွေ့၊
နက်ကြံစည်ဖြင့်–နက်နဲစွာကြံစည်ခြင်းအားဖြင့်၊
သူ့နှုတ်–သူ့စကား(ဤ၌နှုတ်ကို–ပစင်ဟုမယူသင့်၊ နှုတ်ဖြင့်ပြု၍ဖြစ်သောစကားကိုယူရမည်)
စိုင်းမြင်း–စုံစမ်းမေးမြန်းခြင်း။
နှာခစေ–များစေ, နှစ်နော၀စေ(ဤ၌ နှာ–ကို ကြားနာခြင်းဟု မယူသင့်၊ နာနာဘာတ်, နာနာသုပ် ဟူသော အနက်၌ ယူအပ်၏။)

ထက်ဝအမှတ်(၂၀)စကားပြေ

ထိုသူပြောဆိုချက်အရ၊ ချစ်သူမှန်း–မုန်းသူမှန်း မသိသာသေးသောသူ့အပေါ်၌၊ အပြစ်ယူမလွယ်သေးနှင့်ဦး၊ ထိုအကြောင်းကို အရိပ်အမြွက်မျှ မသိရအောင် ခက်ခဲသောနည်းဖြင့် ဖုံးကွယ်၍၊ထိုသူအားပြန်ဖာန်၍ မမေးမဆိုဘဲ၊ဝမ်းထဲ၌ သိုသိပ်ထားလျက် မိမိထံမှ သူလျှိုတမန်များကိုသူ့ထံသို့ ရောက်စေရန်၊ နည်းကွေ့လမ်းကောက်များကိုနက်နဲစွာ ကြံစည်ခြင်းအားဖြင့် ပြောလာသောစကားမှန်မမှန်ကို အတတ်သိအောင် ကျိုးစားခြင်း, စုံစမ်းမေးမြန်းခြင်းတို့၌ နှစ်နှစ်နော၀နော၀ရှိစေမင်း။

× × × ×

## သက်ခအမှတ်(၂၁)ချက်ဆစ်အပြေ

သက်ခဓကျ-ယုံမှားခြင်း မပပျောက် [သက်ခ-ယုံမှား ခြင်း၊ဓကျေ-မပျောက်မပျက်]

အနေမကျ-စိတ်နေစိတ်ထား မကျနသေး, စိတ်နေ စိတ် ထားမသေချာသေး။

ဒုဟ-ဒုဟဒယ(ပါဠိ)စိတ်နှစ်ခု။

နှစ်ပါးတွေးပာ-ဤသို့ထိုသို့၂မျိုးတွေးယူခြင်း၊

တစခ၍ရှောက်-အနည်းငယ်မျှသထိမခိုက်ရအောင် (တစ-အနည်းငယ်။ခရှောက်-ခထိမခိုက်အောင်ပြုခြင်း)

ဒွယ်တော-မျှားစွာ ရည်မှန်း၍, ကောင်းစွာ ရည်မှန်း၍။

အရေးမွန်ချာ-အရေးသာလျက်၊

အကြည်ဖြင့်လျှင်-အကြည်အသာနည်းဖြင့်ပင်လျှင်။

အသင့်ကြံနိုင်-သင့်လျော်စွာကြံနိုင်သော်။

အပြီးတိုင်အခွံ-လိုသောအကျိုးကိုရအံ့၊ လိုသော`ကိစ္စပြီး စီးအံ့။

ကြံ့ခိုင်နှလုံး-စိတ်နှလုံး မြဲမြံ ခိုင်ခံ့ စေ၍၊ (ကြံ့-ခိုင်ခံ့သည်)

### သက်ခအမှတ်(၂၁)စကားပြေ

မိတ်ဆွေမှန်း၊ ရန်သူမှန်း-နေထားတကျ မဆုံးဖြတ်နိုင်သောသူ၏အမူအရာ၊ လုပ်ရည်ကြံရည်တို့ကို စေ့စေ့ငငသိရပြီး၍၊ တိုက်ခိုက်ခြင်း၌ အကြမ်းဘက်မှု မရှိရအောင်ကောင်းစွာ ရည်မှန်း၍၊ အရေး အခင်း သာလျက်၊ ဘေး

ရန်ကင်းကွာ စိမ့်သောဒွာ၊ အကြည်အသာ နည်းဖြင့် မကြောက်မရွံ့ သင့်လျော်စွာပြုစွမ်းနိုင်မှု၊ လိုးသာကိစ္စပြီးစီးအောင်မြင်ရမည်ဖြစ်၏၊ ဤကျင့်ထုံးနည်းလမ်းကိုလည်းအမြဲအစွဲသက်သုံးပြု၍ ညွှန်ပြဆုံးမသည့်တို့ကို နှလုံးသွင်းပါလေမင်း။

× × ×

## လင်္ကာအမှတ်(၂၂)ခက်ဆစ်အဖြေ

အဠာရသ(ပါဠိ)တဆဲ့ရှစ်၊

သိပ္ပ-(ပါဠိ)အတတ်၊

ကျေးရှူး-ဂုဏ်။

အထူးထူးကို-အမျိုးမျိုးကို။

သင်သောခါတုံ-သင်ရန် အခွင့်အလှည့်ကျရောက်သောအခါ၌၊

ကုံအောင်-ပြည့်စုံအောင် (ကုန်-ကုန်ခမ်းခြင်း၊ ကုံနှင့်ကုန်ကိုသတိထား၍သုံးပါ)

အာယု-(ပါဠိ)အသက်၊

ဆုံးစွန်-အဆုံးသို့ရောက်ခါနီး,သေခါနီး။

သျှို့ဝှက်-မဖော်ပြဘဲထားသည်။

ကိလိဋ္ဌ-(ပါဠိ)ခက်ခဲသောအတတ်၊

မှတ်ရအောင်အောင်-မှတ်ရအောင်, မှတ်ရအောင် ဟုဆိုလိုရင်းဖြစ်သည်။

ရည်ခေါင်-မှန်းထား၍။

နှိမ့်ကျ-ဂုိယ်က်ုနှိမ့်ကျစေ၍။
ဓနုညင္ဘကောင်း-နေ့ညမကွာ,နေ့ညမပြတ်။

လက်းအမှတ်(၂၂)စကားပြေ။

တဆဲ့ရှစ်ရပ်သော အာထတ်ပညာတို့၏ ဂုဏ်ထူးကို ဆည်းပူးသင်ယူရသည့်ရှိသော်၊ ဆရာကောင်းထံ ကျိုးနွံ ငြွ်ားစွာ ဆည်းကပ်၍ ဆရာ၏ အရိပ်ကို ကြည့်လျက်။ ထပည့်တော်ငါးပါးနှင့်ညီညွတ်အောင် ပြုဘွယ်ကိစ္စအဝဝ ကို ပြည့်စုံအောင်ပြုပြီး၊ ဆရာသည်သေခါနီးမှသင်ပြပေး မည်ဟုလျှို့ဝှက်ထားသည့်ချက်ခဲသောအာတတ်ကောင်းများ ကို သိမှတ်ရအောင် ဆရာအားနေ့ရောညပါ ဆည်းကပ် ခစားပါလေမင်း။

× × ×

လက်ခအမှတ်(၂၃)ချက်ဆစ်အပြေ။

ထံရင်းထက်ကြွစ်-ဆရာ့ထံ၌ပူးပူးကပ်ကပ်။
မြဲဆည်းကပ်မှ-အမြဲမကွာဆည်းကပ်သောအခါ၌။
သုံးထပ်ဗာဟီ-သုံးထပ်ဗာဟီရ-ဗေဒင်သုံးပုံ၊
ဗာဟီရ-(ပါဠိ)အပအပြင် (ဗေဒင်ကျမ်းတို့ကား၊ ဘုရား ဟောမဟုတ်။အပဖြစ်သောကြောင့် ဗာဟီရကျမ်းဟု ခေါ်သည်)

ဗေဒင်သုံးပုံကား။

၁။ ဣရု-နတ်တို့ကိုပူဇော်ခြင်းကိုဆိုသောဗေဒင်ကျမ်း။
၂။ ယဇု-ယာဇ်ပူဇော်ခြင်းကိုဆိုသောဗေဒင်ကျမ်း။
၃။ သာမ-နေလနက္ခတ်တို့ကိုမှီ၍အကျိုးအပြစ်ပြသောကျမ်း။

**ရာသီ**–(ပါဠိ)အစုအပုံ၊ (ရာသီကား ၂၇–လုံးသော နက္ခတ်စက်ဝန်းကို ၁၂–ပုံပြု၍၊ တပုံကို ခေါ်သော အမည်ဖြစ်သည်)

**အံသ**–အံသာ–ရာသီ၏ အစိတ်(တရာသီကို အစိတ်သုံးဆယ်ပြု၍ တစိတ်ကို အံသာဟုခေါ်သည်၊အံသာနှင့်ရက်မှာ၊အချိန်ကာလသဘောသွားတူသည်)

**လိတ္တာ**–အံသာ၏ အစိတ် (တ အံသာကို အစိတ်ခြောက်ဆယ်စိတ်၍ တစိတ်ကိုလိတ္တာဟုခေါ်သည်။

**ဆမ်းဓွေ**–အရအမှိသိအောင်ပြုလေ၊

**ဆဓျ**–ကျေအောင်ပြုလုပ်ခြင်း၊ချေဖျက်ပစ်ခြင်း၊နုတ်ခြင်းစားခြင်း။

**ဆတဝ်**–လဝ်ဘင်ခြင်း၊,ဇယားတင်ခြင်း။

**ဆဇော့အဓနွှ**–ပေါင်းခြင်း။

**ဆဇျွာက်ဆကူ**–မနုတ်လောက်၍ နုတ်လောက်အောင်ထည့်ပေါင်းပေးခြင်း။

**ဓယူ**–နုတ်ခြင်း။

**ဆကြည်း**–ထုတ်ယူခြင်း,နုတ်ခြင်း။

**ရေချည့်မျှည်းသို**–ရေကျည်တောက်ကို မှည်းသွန်သကဲ့သို့(ရေကျည်တောက်ကို သွန်သောအခါ၊ ကျည်ထဲ၌ရေမကျန်သကဲ့သို့)

**ဓက်**–ဓက(ပါဠိ) ဟစ်–တခု (တစ်ကြောင်းချင်–ဓက်ခြေဒ်သည့်ခေါ်၏)

ဒွေး-(ပါဠိ) နှစ်,နှစ်ခု-(နှစ် ကြွင်းလျှင် ဒွေး မြော် သည်ဟု ခေါ်၏။)

ရှူးဖမော်ဘနန်း-မှူးမော်လုနီးနီး,မှူးမော်လုမတတ် (ဘနန်း-လုနီးနီး,လုမတတ်)

ကိန်း-စားအပ်မြွက်အပ်သောဂဏန်း၊

ခန်း-စားခြေမြွက်ခြေ၊

ကိန်းခန်း-အကြောင်းအဆိုး အဖြစ်အပျက် တို့ကို ဟောပြောရန်ဂဏန်းစု,အကြောင်းအဆိုးတို့ကို ဟောပြောရန်တွက်နည်းမျိုး၊

တိထိ-နေနှင့်လထပ်မိသည့်ကာလ အပိုင်းအခြားကိုမှတ်သားရသောအရေအတွက်။

နက္ခတ်-နက္ခတ္တ(ပါဠိ)သွားမြဲခရီးဖြင့် အဖန်တလဲလဲဖွဲ့သည့် ပတ်ထွက်ပေါ်လာသောကြယ်စု။

ပါဒ်-ပါဒ(ပါဠိ)လေးတို့တွင်တဘို့။

ဗိဇနာ - တပါဒ်၏ ၁၅-ပုံတွင်တပုံ၊

မြိန် - အသက်ထမြိန်ကာလ (အသက်ရှူသွင်းသည်မှ မြိန်ထုတ်သည်အထိ ကြာသော အချိန်ကာလကို မြိန်ဟု ခေါ်သည်)

ခရာ - ဗိဇနာ၏အပုံ ၆၀-တွင်တပုံ (လက်ဖြစ်တတွက်ခန့် ကြာသောအချိန်အခါကာလ)

အပြီးစဝ်သည်-မကြွင်းမကျန်ရအောင် မှန်ကန်စွာ တွက်ချက်နိုင်သည်။

ဗေဒင်-ဝေဒင်္ဂ(ပါဠိ) ဝေဒင်္ဂတွင် ဝကိုဗပြု၍မြန်မာ ဝေါ

ဟာရ၌ ဗေဒင်ဟုခေါ်သည့်(ဝေဒ-ဝေဒ×အင်္ဂ။ဝေဒ
သိခြင်းပညာ၊အင်္ဂါ-အစိတ်အပိုင်း)
စင်းလျှင်း-(ပေါရာဏ)မပြတ်အမြဲ၊အမြဲမကွေ့(ခြေတော်
ရင်းဝယ်၊စင်းလျှင်းမကွာ၊မြဲမည့်တွေလို-ဟူသောသံဝ
ရမျို့ကိုနှလုံးပြု)

**လင်္ကာအမှတ်(၂၃)စကားပြေ။**

သရာ့အထံ၌၊အမြဲမပြတ်ဆည်းကပ်သောအခါ၊သုရား
ဟောကျမ်းဂန်မှအပဖြစ်သော ဗေဒင် ၃-ပုံတို့၌လာသော
ရာသီ, အသ်ာ, လိတ္တာ အရေ-အမိ သိရှိအောင် တွက်ချက်
သောအခါတွင်၊ နှုတ်ခြင်း,စားခြင်း, လပ်ထင်ခြင်း မနှုတ်
လောက်၍ ကူလျှောက် ရခြင်း၊ မြှောက်ခြင်း-ပေါင်းခြင်း
စသည့်တို့၌ရေကျည့်တောက်သွန်ရာ-ရေအကြွင်းအကျန်
မရှိသကဲ့သို့ သင်ပုန်းပြင်၌ တစ်နှစ်စသည် အကြွင်းအ
ကျန်မရှိအောင် လျှင်မြန်စွာတွက်နိုင်စေ၊မူးမေ်ာလုမတတ်
တွက်ချက်ရာတွင်၊ အကောင်း အဆိုးကို ဟောပြောရန်
တွက်နည်းတွက်ပုံမျိုးနှင့်အညီ၊တိထိကာဒးဘယ်မျှ၊နက္ခတ်
ကား-ဘယ်နှစ်လုံးဟု ဆုံးဖြတ်ချင့်တွက်နိုင်သော ဘယ်
နှစ်ပါဒ်၊ ဘယ်နှစ်ဗိဇနာ၊ ဘယ်နှစ်ပြန်ခရာဟူ၍ မှန်ကန်
စွာတွက်ချက် နိုင်သော ဗေဒင် အမှတ် အသား အတတ်
ပညာကိုလည်းအမြဲမပြတ်လေ့ကျက်ပါ။

**လင်္ကာအမှတ်(၂၄)ခက်ဆစ်အဖြေ**

အဆုံးကဲ-အလိုက်-လူအမျိုး အစား အထိုက်, လူအတန်း
အစားအလိုက်။

ရှုတို့ဒွိဝယ်- လူလောကတွင်,လူလောကဒွိဝယ်(ဒွိနှင့်ဝယ်
မှာအနက်ထူးမရ၊ တည်ရာပြအနက်ချင်းတူ၍၊လင်္ကာ
တွင် ၄-လုံးပြည့်စေရန်၊တလုံးပိုထည့်ထားသည်၊ဤပုဒ်
မျိုးကို ပဒပူရဏ ဟုခေါ်သည်)

အန်ခတ်-အန်ကိုပစ်ခတ်ကစားခြင်း။

ဇယ်ထွတ်ဇပြေးချီ - ဇယ်တွင်းချီကစားခြင်း။

ဗလီပြေးဖမ်း-ဗလီရိုက်ခြင်း။

လက်ပမ်းလက်ဖွေ့-လက်ဖွေ့သတ်ခြင်း။

ဝလေ့ကျမ့်ကျင်လည်-ကျင်လည်အောင်မလေ့ကျင့်ပါ။

အတတ်သွမ်း-အကျိုးမရှိသောအတတ်,အတတ်ပေါ့။

သဘင်-သဘင်(ပါဠိ)လူရှုလူဝေး,ပွဲ (ဤဒွိသဘင်ကား၊
ကြက်ပွဲအံပွဲစသည်တို့၌ လူအစုအဝေးကိုဆိုသည်)

ရောမပြုံသဘင် - လူရှုလူဝေးနှင့်ရောနှောခြင်းမပြုသင်။

ရှက်ရွံ့ဆုတ်ဆိုင်း - ရှက်ကြောက်၍ တွေဝေသည်၊ ရှက်
ကြောက်၍တွန့်ဆုတ်သည်။

ရှိုင်းစိုင်းမတ်သတ်-ရှိုင်းစိုင်းသလိုဖြစ်နေသည်။

ဖြစ်တို့တတ်ဒွ-ဖြစ်တော့တတ်ဒွ။ (ဖြစ်တို့-ဖြစ်တော့။ တို့
ကား တော့-ကိုပြောင်းသွားသောပုဒ်တည်း။ ဒွ-ဒွ၊-
ဒွ။တို့,တတ်,ဒွ-ဤသုံးလုံးကား။ အကျကြိယာချည်း
ဖြစ်သည်)

မထွတ်မချန်-မကြွင်းမကျန်။

ဤရေးဟန်လည်း-ဤအရေးအခင်းကိုလည်း။ ဤအရေး
အမှုကိုလည်း။

**စေ့ဖေမင်း**-ပုံလင်စွာလေ့ကျင့်ပါလေမင်း။ (စေ့-စေ့င
စေ့ငု-စေ့စပ်)

## လက်ာအမှတ်(၂၄)စကားပြေ

လူ့လောကတွင် လူအတန်းအစားအမျိုးမျိုးက ကြွက်တိုက်ရန်, ကြွေအံကစားရန်, ဇယ်တွင်းချိရန်, ဗလီရိုက်ရန်, လက်ဖွေ့သတ်ရန်ပြောဆိုတိုက်တွန်းလာသောအခါ၌၊ ဤအတတ်တို့ကား ဂုဏ်အားဖြင့် အနှစ်ကင်းမဲ့သော အတတ်များဟု အမှတ်ထား၍၊ ထိုပွဲသဘင်၌ ဘိတ်ခေါ်သည့်ကို အလိုက်အထိုက် မလိုက်လျှောဘဲ နေခဲ့သော်၊ ကြောက်ရွံ့ရှိုင်းဆိုင်းရာရောက်တတ်လေသည်။ ထိုအရေးကိစ္စ၊အဝဝတို့ကိုလည်း လွှတ်ပယ်၍မထားဘဲ အကြွင်းအကျန်မရှိအောင်၊စေ့ငုံလင်စွာ လေ့ကျင့်ပါလေမင်း။

❊ ❊ ❊

## လက်ာအမှတ်(၂၅)ခက်ဆစ်အဖြေ

**နေစင်းဌာန**-နေရန်အရပ်ဒေသ (ဌာန "ပါဠိ" တည်ရာ, မှီရာ)

**ကာလ**-(ပါဠိ)အခါ, အချိန်။

**ရွေးချယ်ပြုလျက်၊ ယွှသ်နှုန်းချင်**-အလွယ်တကူရွေးချယ်လေနှင့်။

**ထိုရှည်ထောက်ထား**-အချိန် ကာလ အဘို အရှည် ကို ထောက်ထားရှုမြင်လေ။

**စီးပွားတိမ်နက်၊ ယုတ်တက်ဖွေရှာ**-စီးပွားဖြစ်မည်။ မဖြစ်

မည်။ စီးပွား ဆုတ်ယုတ်မည့် တိုးတက် မည့်ကို ရှာဖွေလေ။

ဥစ္စာပစ္စည်း။ပညာဆည်းလည်း- ပစ္စည်းဥစ္စာ, အထတ်ပညာရှာဖွေစုဆောင်းရာ၌လည်း၊

ထန်သည်းမပြိုင်း-ပြင်းပြင်းထန်ထန်မပြုဘဲ။

မွေ့စေခင်း-သိမ်မွေ့ပြေညှင်းစွာပြုတတ်စေမင်း။

လင်္ကာအမှတ်(၂၅)စကားပြေ

နေထိုင်ရန် အရပ်ဒေသကို အလွယ်တကူ မရွေးချယ်သင့်၊ခဏမျှနေသင့်သည့်, တာရှည်နေသင့်သည့်တို့ကိုရင်း။ စီးပွား ဥစ္စာ ဆုတ်ယုတ်မည့်၊ တိုးတက်မည့် တို့ကိုရင်း၊ ဆင်ခြင်နိုင်းဆ၍ပစ္စည်းဥစ္စာ။အတတ်ပညာရှာမှီးစုဆောင်းရာ၌လည်းအပြင်းအထန်အလျင်တဆောမဖြစ်စေဘဲ။သိမ်မွေ့ပြေညှင်းစွာပြုတတ်စေမင်း။

လင်္ကာအမှတ်(၂၆)ခက်ဆစ်အပြေ

ရမ္မက်-လိုချင်တပ်မက်ခြင်း၊ ရန်မက်ကား-ရန်မက်ခြင်းပင်တည်း။လောဘအစား သုံးထားသော စကားဖြစ်သည်။ရမ္မက်ကားပါဠိစကားမဟုတ်။ မြန်မာစကားပင်ဖြစ်သည်။ရမက်ဟူ၍ရင်း၊ ရမ္မက်ဟူ၍ရင်း ရေးလေ့ရှိကြသည်။

မြေးယှဉ္ဈ-ငြိကပ်သည့်,တွယ်ကပ်သည့်,ငြိတွယ်သည့်။

မုဒ္ဓဇန-ပုထုဇန(ပါဠိ)ပုထု-ကိလေသာများပြားသော+ဇန-လူ။

ရှေးခြင်ကြည့်ခဲ့ခွာ-ရှောင်ကြဉ်ရန် ခက် ခဲ လှ ခွာ (ခဲ-ခက်သည်)

ကိလေသာ-(ပါဠိ)သတ္တဝါတို့ စိတ် ညစ် ပူ ပန် ကြောင်းတရား။ သတ္တဝါတို့ကိုနှိပ်စက်တတ်သောတရား။

မှားယွင်းမိရ- အမှားအယွင်းပြုလုပ်မိသော်။

အရာမြူ- အခန်းတွင်းသို့နေရောင်ထိုးသည့်အခါ မြင်နိုင်သောမြူမှုံ။

ဆံတစ္စက်မျှ-ဆံခြည်တပြန့်မျှ၊ဆံခြည်၏တဖျက်မျှ၊(ဆံပင်ခြည်၌သစ်ပင်ကဲ့သို့အရွက်မရှိ။ ပြားပြား ပြန့် ပြန့် ရှိသည်ကို ဆိုလိုသည်။

လေ့ကျက်မဲချွင်း-လေ့ ကျင့်ခြင်း ကို လုံးလုံးကင်းကွာအောင်။

စမစေစေင်း-မေ့ပျောက်စေ့မေ့လျော့စေမင်း။

လင်္ကာအမှတ်(၂၆)စကားပြေ

တပ်မက်ခြင်း,ပြစ်မှားဖျက်ဆီးခြင်း။မိန်းမော တွေဝေခြင်း ဟူသော တရားဆိုးကပ်ငြိလျက်ရှိသူ လူအပေါင်းတို့ရှောင်ကြဉ်ရန်ခက်ခဲလှသည့် ကိလေသာ တရားကြောင့်၊ အမှန်ကိုမသိနိုင်သဖြင့်တကြိမ်တခါမျှ အမှားပြုမိသော်၊ နောက်နောင်မမှားရအောင်သတိပြုပြီးလျှင်၊ ထိုမကောင်းမှုကို အနည်းငယ်မျှဖြစ်နိုင်သည်တွေးတော လေ့ကျင့်ခြင်းကို လုံးလုံးကင်းကွာအောင်ပြုလုပ်နိုင်စေမင်း။

* * *

## လက်စအမှတ်(၂၇)ချက်သစ်အဖြေ

**တိုမှတတန်**- ဆိုပြီးခဲ့သည့်မှထပါး။
**အရှင့်ဝန်ပွဲ**- အရှင်၏ဝန်ကိုဆောင်ရွက်ရာ၌ (ဝန်-ထမ်းဆောင်ရန်,ဆောင်ရွက်ရန်အမှုကိစ္စ)

**မချွန်စနှည**- နှေးမှုညတာမလစ်မဟာင်း။
**ကြီးအောက်မေ့လော့**- တွေးကြံသတိပြုပါလော့။
**စန်းဥဂ**- နေရာအရပ်၊
**ဥဒ္ဒိ**-တံခါး။

**စင်း**-အဝင်းအဝန်းပြုထားသောအရံအကာ-ဝင်းခြံ။
**တစ်**-ထုထပ်စွာ ပြုလုပ်ထားသောဆူး, သစ်မြေစ ဆောအရံအကာ။

**စနရပ်**-အနေအရပ်,နေသူ,ရပ်တည့်သူ။
**စရာမီဥ**- မေရု အဓိပတိဟု ဆိုလိုသည်၊ မေရု-မြင့်မိုရ်တောင်-အဓိပတိ အကြီး အမှူး။ အကြီး အမှူး ဖြစ်သော မြင့်မိုရ်တောင်။

**စဥ္စအောလိန်**-ဝဠ္စအာလိန္ဒ(ပါဠိ)အဆင့်ငါးခု။
**စာဝတိသာ**-တပါးသောမြေတို့မဖြစ်ပေါ်မှီ။ရှေးဦးစွာပေါ်သော မြင့်မိုရ်တောင်ထိပ်ရှိ သိကြားနေရာ နတ်ဘုံည်။

**စောင့်ချိန်ရန်ထေခ**-အစောင့်အရှောက်,အရန်အတား။
**ဂါတန်ခြားလျက်**-ငါးဆင့်ခြားလျက်။

အစောင့်အရှောက်အရန်အတား ငါးဆင့်ကား၊

(၁) အောက်ဆုံးပဌမဆင့် အာလိန်၌နဂါးများစောင့်သည်။
(၂) ဒုတိယဆင့်၌ဂဠုန်များစောင့်သည်၊
(၃) တတိယဆင့်၌ ကုမ္ဘာန်များစောင့်သည်၊
(၄) စတုတ္ထဆင့်၌ရက္ခိုက်များစောင့်သည်၊
(၅) ပဉ္စမဆင့်၌စတုမဟာရာဇ်နတ်များစောင့်သည်။

ပြည့်စောင်ချာကို-အောင်မြေပြတ်ကို။
မိစ္ဆာ-(ပါဠိ)အကျင့်မှားယွင်းသူ(အသူရာနတ်တို့ကို ဆိုသည်)
ဘုန်းမဲ့-ဘုန်းတန်ခိုးမရှိ။
နှိုင်း-ပုံခိုင်းသည်။
ရှဲ့-ရှည့်-ယှဉ်ဖက်သည်,စံဖက်သည်။
ကြံလှည့်ငြားသည်း-လုပ်ကြံဖွဲ့ငြားသည်ရှိသော်။ စစ်ပြုလာသည် ရှိသော်လည်း (ကြံ-ကား ဤနေရာမှာ စိတ်ဖြင့်သာကြံစည်သည်ကိုမဆို၊ ပြုလုပ်ခြင်း အနက်ကိုဆိုသည်)
အန်ထောင်-အားထုထောင်ခြင်း၊
ချစ်စောင်ဘန်ဆင်း လုပ်ကိုင် ဆောင်ရွက် ပြုလုပ်စီမံခြင်း။
ရုံ-ပြည့်ဝသည်,ပြည့်စုံသည်။

လင်္ကာအမှတ်(၂၇)စကားပြေ။

ထိုမှတပါးလည်း အရှင်သခင်၏ ထာဝနိကိုထမ်းရွက်ရာ၌ နေ့မှုညဘာမလစ်ဟင်းရအောင်။ ကြံတွေးအောက်

မေ ၍ပြုလုပ်ပါလေော့၊တောင်များအမိပတိဖြစ်သော မြင့်မိုရ်တောင် အာလိန် ၅-ဆင့်၌။ နဂါး, ဇဋ္ဌန်, ကုမ္ဘာန်, ရက္ခိုက်,စတုမဟာရာဇ်နတ်မင်းတို့ကို အစောင့်ချထားသော(သိကြားနေရာ)မြင့်မိုရ်တောင်ထိပ်၌ရှိ သိကြားနေရာ ဘာဝတိံသာ အောင်မြေ မြတ်ကို ဘုန်းကံမရှိ သော မကောင်းမိန္တာ အသူရာနတ်မင်း ကြံစည်တိုက်ခိုက်၍မရနိုင်အောင်စီမံထားဘိသကဲ့သို့။အရှေ့,အနောက်,တောင်မြောက်,ဟုဆိုအပ်သော အရပ် လေးမျက်နှာ တို့၌ ရင်း။ လက်ဝဲ,လက်ျာ,တံခါး,ဝင်းတပ်တို့၌ရင်း။အစောင့်အရှော်အမျိုးမျိုးကိုသိမ်းသွင်းချထားသောအားဖြင့်။ အရှင်သခင်၏နေပြည်ကို ရန်သူများလာရောက် တိုက်ခိုက်၍ မရနိုင်အောင်စေ့စေ့စပ်စပ် ခံ့ခံ့ထင်ထင်ပြုစီရင်၍ ထားပါလေမင်း။

× × ×

## လက်စွဲမှတ်(၂၇)ခက်ဆစ်အဖြေ

ရာဇဝံသ(ပါဠိ)မင်းအမျိုးအနွယ်(ရာဇ-မင်း။ ဝံသ-အမျိုးအနွယ်အစဉ်။ရာဇဝင်ဟုဆိုလိုသည်။

လက်သုံး-လက်စွဲ,သက်ကိုင်။

နည်းထုံးရှေးတီး-ရှေးထုံးနည်းဟောင်း(ရှေးအတီးဟုဆိုမည့်အစား။လေးလုံးထက်မပိုလို၍။ ရှေးတီးဟုစပ်ဆိုထားသည်။အတိတဟူသောပါဠိကိုအတီးဟု ဆိုလေ့ရှိသည်။အတတိ-အတီး။ရှေးအခါ-အတိတ်အခါ))

သူကြီးမင်းစိုး။ကျင့်ရိုးကျင့်စဉ်-သူကြီးမင်းစိုးတို့၏ အရိုး အစဉ်ဖြစ်သော ကျင့်ရိုးကျင့်စဉ်။
ကျင့်ရိုး-ဘေးဘိုးဘီဘင်မှဆင်းသက်လာသော အကျင့် အပြုအမူ။
ကျင့်စဉ်-ကျင့်ရန်ကျင့်ရိုးဝတ်တရားတို့၏အစီအစဉ်။
ကျင့်ထုံး-တဦး တဦးသောသူ၏အကျင့်အပြုအမူ။
ကျင့်ချဉ်-ကျင့်ရန်အစီအစဉ်အလိုက်။ ကျင့်ရန်အလှည့် ရောက်ခြင်း၊
ကျင့်တမ်း-ပြုကျင့်ရန် ကျင့်ဝတ်တရား။
ကျင့်မြွလမ်း-တဦးတယောက်၏ ကျင့်လေ့ရှိသော ကျင့် နည်းကျင့်လမ်း။
နက်တံ-အတိမ် အနက်, အနွေး အလျင်, အဟုတ်အမှန်။
ရေရှည်လုံသား-ရှေးအခါက အရေး အကြောင်း ဖြစ်ဘူး သော။
သတိကြည်စေ-မပြတ်အောက်မေ့ ကြည်ဖြူစွာ။ အမြဲ မပြတ် ကြည်ဖြူစွာ (မော-များခြင်း၊ အထပ်ထပ် ဖြစ် ခြင်း)
နှီးနှောဘကိုယ်-တကိုယ်ထည်း ပေါင်းသင်းဆက်ဆံ၍ အယူအဆကိုမေးမြန်းရမည့်၊
သိမြင်ကျယ်ဝင်း၊ခုံစမင်း-အသိ အမြင်များ အောင်ပြု လေမင်း။

လင်္ကာအမှတ်(၂၈)စကားပြေ

ရာဇခင်၌ လာသော မှန်စွာထက်သုံး ပြုထိုက်သည့်

ရှေးထုံးရှေးနည်းဖြစ်သော-အကြီးအမှူး မင်းစိုးရာဇာတို့၏ ကျင့်ရိုး, ကျင့်စဉ်, ကျင့်ထုံးတို့ကို ကြည့်ရှုပြီးလျှင်၊ အာဟုတ်အမှန်သဘောရင်းကို ကျင့်ရန်အစီအစဉ်, ကျင့်အပ်သောဝတ်တရား, ကျင့်ရသောနည်းလမ်းတို့ဖြင့် ဆင်ခြင်စဉ်းစား၍၊ ရှေးက ဖြစ်ဘူးသော ပုံစံများကို မှတ်မိသားမိရှိသောပညာရှိကိုရှာပြီး တကိုယ်တည်းကြည်ဖြူစွာပေါင်းသင်းကာ မေးမြန်းစုံစမ်းခြင်းအားလေ့ကိုပြုလျက်၊ ထိုပညာရှိနှင့်နေ့စဉ်မပြတ် တိုင်ပင်စဉ်းစား၍ အသိအမြင်များပြားအောင်ပြုလေမင်း။

× × × ×

## လင်္ကာအမှတ်(၂၉)ခက်ဆစ်အဖြေ

ပွင့်လင်းချမ်းသာ၊ကြီးမြင့်ရာဟု - စည်းစိမ် ဥစ္စာ ဖြစ်ထွန်းကြီးမြင့်ရာဟု။

စတုစက္က-( ပဋိ )စတု-၄-ခု၊ စက္က-စက်။(စက် ၄ ပါး)

ဓမ္မ-သဘောတရား။

### စက် ၄ ပါးကား။

၁။ ပဋိရူပဒေသ-ကုသိုလ်, ပညာ, ဥစ္စာရရန် သင့်တင့်သော အရပ်၊

၂။ ပုဗ္ဗေကတပုညတာ-ရှေးကပြုဘူးသောကောင်းမှုရှိခြင်း၊

၃။ အတ္တသမ္မာပဏိဓိ-ကိုယ် ကို ကောင်း စွာ ဆောက်တည်ခြင်း၊

၄။ သပ္ပုရိသူပနိဿယ-သူတော်ကောင်းတို့၏အဆုံးအမကိုရခြင်း၊

ကြိုးစားမျက်ခြေဒ်- ရံခါ ရံခါတွေ့မြင်ခြင်း ( ကြိုးကြား-တခါတရံ-မကြာခဏ)
အကြိုက်တော်သျှက်—အဆင်သင့် တွေ့ကြံမ လျက်။ (ကြိုက်—ပေါင်းသင်းသည်၊ တွေ့ဆုံသည်, ရင်းနှီးသည်။တော် -အသင့် ·အဆင်သင့်)။
ရည်ဖွဲ့သွားအခန့် စွမ်းရည်နှင့်လျော်စွာ။
နီးဝေးဓိုရှည်·အချပ်အနီးအဝေး,အကြောင်းအတိုအရှည်
ဓါယာခမ (ပါဠိ)သို့လထုတ်သည်,အားထုတ်သည်, လုံ့လဝီရိယ။
ခုက္ခ-(ပါဠိ)·ဆင်းရဲခြင်း။
ဈင်းသိစ်-သိမ်ဖျင်းသည်,ယုတ်လျော့သည်။
ကြောင့်ကြငြိမ်၍-စိုးရိမ်ခြင်းမရှိသည်ဖြစ်၍ (ကြောင့်ကြ-စိုးရိမ်,ဆင်းရဲ,ပင်ပန်းခြင်းသောက)
တုံ့စေခင်း-ပြည့်စုံအောင်လုပ်နိုင်စေခြင်း။

သက်ခအဓိပ္ပာယ်(၂၉)စကားပြေ။

စီးပွားချမ်းသာတိုးတက်ခြင်း။ ကြီးမြင့်ခြင်းကို ဖြစ်စေတတ်သောစကား ၄ -ပါးနှင့် တခါ တရံအဆင်သင့်တွေ့ကြံပါလျက် ဂုဏ်သတင်းထင်ပေါ်ကျော်စောခြင်းမရှိတဲ့။မိမိစွမ်းရည်နှင့်ထိုက်လျောက်သော ဉာဏ်ပစ္စည်း အခြေအရံတို့အကျိုးပေးနှောင့်နှေးကြန့် ကြာခဲ့ပါသော်၊အချပ်အနီး အဝေးအကြောင်း၊ အတိုအရှည်တို့ကို မဝေ မလျော့ မှန်ကန်စွာစဉ်းစား၍ ကုန်သွယ်ခြင်း, သယ်လုပ်ခြင်းစသော ပြုအပ်အမှုကိစ္စများကို အားသုပ်ပြုလုပ်ခြင်းဖြင့် ဆင်းရဲ

ဒုက္ခယုတ်လျော့စေပြီးလျှင်၊ အရာရာမပြည့်စုံ၍စိတ်၌ ဗိုးရိမ်မှုပန်ခြင်း။ ကိုယ်ကိုထိမ်းသိမ်း၍မရအောင် ကြောင့်ကြခြင်းများ ပျောက်ကင်းစေ၍ ပြိမ်သက် ချမ်းသာခြင်းပြည့်စုံစွာ ရှိအောင်ပြုနိုင်စေမင်း။

× × ×

## လက်ခဏာမှတ်(၃၀)ခက်ဆစ်အဖြေ။

စတုမရု စတုမဂု (ပါဠိ) စတု-လေးခု။ မဂု-အချို (စတုမဂု ဟူသောပါဠိစကားရင်းကို စတုမဂုဟုမြန်မာများ ခေါ်ဝေါ်ပြောဆိုလေ့ရှိသည်၊

### စတုမဂုဖော်စပ်နည်း။

၁။ ။သကာ၊
၂။ ။ပျားရည်၊
၃။ ။ဆီဦး။
၄။ ။ထောပတ်(ဤ ၄ပါးကိုအညီအမျှပေါင်းရောစပ်ချက်ရသည်)

ထူသားရသော-ဟူသောစားဘွယ်အရသာ၊
အညီဖေပါစေခြာက်-အညီအမျှစပ်ဖော်၍ဖြစ်သော(မြေဉ့်-ဖြစ်သည့်၊တိုးသည့်၊တက်သည့်)
ဆိပ်တောက်ပွားစေ-အဆိပ်များပြားစေခြင်း၄ါ။
အရေးထူးပြား-အကြောင်းထူးထူးပြားပြား။
ထောက်ထားနှိုင်းတဲ့-တိုင်းဆပုံယူ၍၊
ရုံစံရှု၍-ပုံစံယူ၍၊နည်းယူ၍။
ပြုရသမျှ-ပြုရသမျှ၊
အစလေ -သဘောအလေ့အလာ(ဓလေ့ဟုဆိုလိုလျှက်

အာ-တဖုံးထည့်၍ အာဓလေ့ဟုစပ်ဆိုထားသည်၊ အာ ကား ပဒပူရဏတည်း။ ဓလေ့ကားပါဠိနှင့် မြန်မာ ရောစပ်ထားသော ကပြားစကားမျိုးဖြစ်သည်၊ ဓမ္မ× အာလေ့-ဓလေ့၊တနည်း ဓမ္မတာ×အာလေ့-ဓလေ့) ဧအာက်ဓေ့-သတိမပေ့ရ-သတိခလွှတ်ရ၊ မုံဓစဝင်း-များစေမင်း။

လင်္ကာအမှတ်(၃၀)စကားပြေ

ချိုမြိန်သောအရသာဟုဆိုအပ်သော(၁)သကာ။ ၂) ပျားရည်။(၃)ဆီဦး။(၄)ထောပတ်။၏ ၄ မျိုးကိုအညီအမျှ ပေါင်းစပ်၍ဖြစ်သောစတုမဓုရကို အဆိပ်အတောက်ပွားများ ခြင်း၌၊ထောမြွေဟောက်ကိုဝလင်အောင် ကျွေးမွေးထား သောရသေ့အား။အကြောင်းထူးဖြစ်ခဲ့ဘူးသည်ကို စံပြု၍ ဒိဋ္ဌိ လက်အောက်ခံ ငယ်သားတို့အား ပြုရမြဲ အာလေ့ အလာကို မမေ့မလျော့ဘဲပြုလုပ်ဘွယ် လုပ်ခင်း ဆောင် ခင်းများစေရမည်မင်း။

× × ×

လင်္ကာအမှတ်(၃၁)ခက်ဆစ်အဖြေ

ဘုံနန်းထွတ်ခေါင်-ဘုံနန်း အထွတ် အမြတ်။ (ဘုံကား ဘုမ္မိဟူသောပါဠိကိုမှီ၍ဖြစ်လာသောစကားဖြစ်သည်။ ထွတ်-အမြတ်,အဖျား,ထိပ်ဖျား)

ငြမ်းသဘွယ်ချွင်-ငြမ်းအတူအလျှင် (ငြမ်း-ပန်းရံ, လက် သမားစသည်တို့အမှီပြုရသောအလုပ်စင်မြင့်သဘွယ်- အတူ)

မန္တယ်ငြိမ်းအဲ-မဆက် မဆံအဲ (နှုတ်-စပ်သည်, ဆက်ဆံသည်၊ ဦးနှင့်ပဲကား-အကျကြီးယာ ဦးကား တစုံတခု မပြုမလုပ်မှီ ဈေးတင်၍ ပြုကြောင်း ဖြစ်ကြောင်းကို ပြသည်)

မတာတ်သာ၍-မလွှဲသော၍။

ခြင်းရာသိချက် - အမှုအရာကိုသိချက်။

ပေါင်းဘက်ခဲလှော်- ပေါင်းဖော်ရန် များစွာ ခက်သည် (ခဲလှော် များစွာခက်ခဲသည်,အလွန်ခက်သည်)

အဖော်ရဆန်း-အဖော်ရရုံမှ,'အဖော်ရကာမှ(ဆန်း-ဖြစ်ရုံမှ ဖြစ်ကာမှ)

စံပဆောင်ရွက် တင့်တယ်စွာ ဆောင်ရွက်၍ (စံပ-တင့်တယ်စွာ)

ကုံအောင်ပြုလည်း-ပြည့်စုံအောင်ပြုလည်း။

အကုအာဘစ်း - တည်ထောင်မစခြင်းပြုသည်၊(အကု-ပြုရခြင်း, မစခြင်း။ အကင်း-မှာ ငုံသည် ဖူးအသည်။ ကင်းသည်ဟူသကဲ့သို့ တည်ထောင်စ ပြုသည်ကို ဆိုလိုသည်)

ပါးစေမင်း—မများစေနှင့်မင်း။

လက်ာအမှတ်(၃၁)စကားပြေ

အထွတ်အမြတ် ဖြစ်သော ရွှေဘုံ ရွှေနန်းကို ပြီးလွယ်အောင် တည်ဆောက်ရာ၌ ပြင်းဆင်၍ ပြုလုပ်ရ သကဲ့သို့ မိမိအကြံအစည် ထမြောက်အောင် မြင်အောင် ပြုလုပ်ရာ၌လည်း၊ ထိုငြမ်းသဘွယ်ဖြစ်သော သူမတော်(မသူတော်)

များမပါဘဲ၊ အကြံအစည်ပြီးမြောက်အောင်မြင်ခြင်းမရှိရကား၊ သူတို့၏ အရည်အချင်း, အမှုအရာ, အပြုအမူကို သိလျက်နှင့်ပင် မလွှဲသာ၍ အဆိပ်ထန်သော မြွေနှင့်တူသည့် အပေါင်းခက်သူတို့ကို အခေါ်ရရုံမျှ သိမ်းမြန်းကာ၊ သူတို့နှစ်သက်အောင် တင့်တယ်ပြည့်ရုံစွာ ကျွေးမွေးရသော်လည်း ပေးကမ်းခြီးမြှင့်ခြင်းမများစေနှင့်မင်း။

လက်ခအမှတ်[၃၂]ခက်ဆစ်အဖြေ

**အရင်းအနှစ်**–အလုံးစုံသော သားမြေး မျိုးဆွေ အရင်းအနှစ်။

**နွယ်မြစ်ဖင်ခြုံ**–အနွယ်, အမြစ်, အပင်, အခြုံ (ထိုစကားများကား ဆွေမျိုးတစုကို-အနွယ်, အမြစ်, အပင်, အခြုံနှင့်-ဥပမာ နိုင်းပြသော သဒ္ဒိသူပစာ စကား များဖြစ်သည်။

**မျိုးဆွေဝါး**–ဆွေမျိုးတစု။

**စတွေပြားစြေ**–အထူးထူးအထွေထွေမကြံမစည်။

**သက်နှံ**–အသက်ကိုအပ်နှံထားသူ။

**ဆဲပိုက်ဒုကန်**–ဇာကန် အမှန် နှလုံးသွင်းသည်-အမှန် နှလုံးပိုက်သည်[ပိုက်-နှလုံးပိုက်သည်]

**တော်မှန်ရှိရင့်**–ဖြောင့်မတ်ရဲရင့်၊ တော်ဖြောင့်ရဲရင့်။

**ပညာကြီးထူ**–ညာဏ်ပညာ ပြောထူသူ, ညာဏ် ပညာကြီး ကျယ်သူ။

**ထပ်စေလျှာက်ဆင့်မြိန်၊ ခစပာန်လည်း**–ထပ်မံ ခြီးမြှောက်ပာန်လည်း။

အစားအန်လုံးရှင်း၊ မျှားစေခင်း- စစ်သည်ရဲမက်ဆင်လုံး
မြင်းရင်းမျှားစေမင်း (အန်ကား-အားကိုပင်ဆိုသည်။
သပြေဖိုးမှန်၊လက်ရုံး၊အန္တိုင်၊သဒ္ဒန်န ၁၀ ကို- ရှု)

### လင်္ကာအမှတ်(၃၂)စကားပြေ

အကြင်သူသည် မိမိနှင့်အမျိုးအနွယ် တဆက်တည်း ဖြစ်သော ဆွေမျိုးတရနှင့်ခွဲ၍၊ ပေါက်ဖွဲ့ပေါက်ပြန် ကြေ မစည်သူ တယောက်ဖြစ်၏။ အရှင်သခင်အားလည်း အာ သက်ကိုပုံ ယုံအပ်နှင်း၍ စိတ်တွင်း နှလုံးတွင်း၌ ကေန် အမှန် အချစ် ပိုမိုသူဖြစ်၏။ ဖြောင့်မတ်ခြင်း, ရဲရင့်ခြင်း, စာရိတ္တ ကောင်းခြင်းစသည်တို့နှင့် ပြည့်စုံသော ဥာဏ် ပညာကြီးမားလှသူဖြစ်၏။ ထိုသူကို ဆင်ခြင်ထွေးဆ ရွေး ချယ်ပြီးလျှင်။ ထပ်မံကာစစ်သည်ရဲမက် ဆင်လုံးမြင်းရင်း စသည်တို့ကို မြောက်မျှားစွာပြီးမြှင့်ပေးကမ်းလေမင်း။

× × ×

### လင်္ကာအမှတ်(၃၃)ခက်ဆစ်အဖြေ

ချင့်ချိုးအညီ–ကျင့်မြဲလမ်းနှင့်အညီ၊

ထုံးစံချို၍- ထုံးစံကိုအမှီပြု၍(ထုံး-ရှေး၌ဖြစ်ခဲ့ဘူးသော အာ ကြောင်းသက်သေ)

အစီအချဉ်–အစီအစဉ်အလှည့်(အလျဉ်"ပေါရောဏ" အ လှည့်,အထောက်၊အဆက်မပြတ်ခြင်း။

အစဉ်အသင့်။ နိမ့်မြင့်ဆင်ခြင်- အစဉ်သင့်,မသင့် ရာထူး အနိမ့်အမြင့်ကိုဆင်ခြင်ပါလေ။

ဂုဏ်အင်မျှားနည်း-ဂုဏ်ကျေးဇူးအနည်းအများ။

ပစ္စည်းချော့တင်း- ပစ္စည်း ပြည့်စုံသည် ယုတ် လျော့သည်၊(ပစ္စည်းကား-ပစ္စယဟူသော ပါဠိမှ ပျက်ယွင်းလာသောစကားတည်း။ပစ္စယ"ပါဠိ" အထောက်အပံ့အကူအညီ၊ ။တင်း-ပြည့်ဝသည်)

အရင်းအမြား- မိမိနှင့် နီးရင်းသည်, မနီးမရင်း အမျိုးအစွန်ဖြစ်သည်။

ရည်သွားရှိမဲ့-အရည်အခြင်းရှိ မရှိ၊

မြိုင်နှင်းရှဲ့ရွှဲ- ယှဉ်ပြိုင်ကြည့်ရှု၍။

ဆေးတွဲ့စနှံ့သ-ဆေးလေးစွာ ဆင်ခြင် ထောက်ထားပါလေ၊လေးလေးပင်ပင်တွေးတွေးတွေ ထောက်ချင့်စဉ်းစားသည်။

ပညာမြော်တင်း၊ရွေးစေခင်း-ပညာဖြင့် ဆင်ခြင်မြော်ရှု၍ရွေးချယ်ထုတ်စေမင်း။

လက်ာအမှတ်(၃၃)စကားပြေ၊

သက်ကြီးဘေးဘိုးတို့ ကျင့်မြဲဖြစ်သော ထုံးစံကိုအမှီပြု၍ ငြိမ်းမြင့်မြောက်စားရန် အဖို့သည့် အထောက် ရောက်, မရောက်ကိုရင်း။ရာထူးအဆင့်အတန်းအနိမ့်အမြင့်ကိုရင်း၊ ဂုဏ်ကျေးဇူးအနည်းအများကိုရင်း၊ ပစ္စည်းဥစ္စာ ပြည့်ဝသည်,ယုတ်လျော့သည်ကိုရင်း။မိမိနှင့်နီးရင်းသည်။ အစွန်အများဖြစ်သည်ကိုရင်း။အရည်အခြင်း ရှိသည်, မရှိသည်ကိုရင်း တိုင်းဆဆင်ခြင်ပြီးလျှင်။ တဦးနှင့်တဦး ဂုဏ်ရည်တူမျှသည်ယုတ်လျော့သည် တို့ကိုလေးလေးစွာထောင့်ချင့်စဉ်းစားကာ၊ ပေးကမ်း ငြိမ်းမြင့်မည်ရှိသော အခါ၌လည်း၊

ဥာဏ်ပညာဖြင့်ကြည့်ရှု၍ရွေးချယ်တတ်စေမင်း။

× × ×

လင်္ကာအမှတ်(၃၄)စာဆစ်အဓိပ္ပါယ်

**အာဒိဝယ**- (ပါဠိ)အာဒိ - အစ၊ဝယ - အရွယ်၊ အစ အရွယ်(ပဌမ ခရွယ်ဆိုလိုသည်)

**နိစ္စဓမ္မ** - အမြဲမမြဲ (နိစ္စ"ပါဠိ"အမြဲမပြတ်)

**ဆုံးမဖလ သခင်း**-ညွှန်ကြားဆုံးမလေ့ရှိသော၊

**ကျွမ်းကျင်လျှောက်က**- ကျွမ်းကျင်သော်, သိ ကျွမ်း သော်။ (ကျင်လျှင်-ပွန်းပွန်းတီးတီးရှိသည်)

**ဖူးမြင်တင်မေး**—ဖူး မြော် မေး လျှောက် (တင်ကား- မိမိ ထက်ဂုဏ်မြင့်သူကို ပြောရာ၌ သုံးသော စကား ဖြစ် သည်၊လျှောက်တင်ပါသည်၊တင်လျှောက်ပါသည်။ သံ တော်ဦးတင်ပါသည်။ဘင်ပါသည့်ဘုရား စသည် တို့ကို ရှု)

**ဝေးသည်းမဓမ္မ၊တွေ့လည်းမရဲ**- ဝေးသော်လည်းမမေ့ တတ်၊တွေ့ပြန်လည်း အားရတင်းတိမ်ခြင်းမရှိ။ (မရဲ— မရောင့်ရဲ-မတင်းတိမ်)

**လွန်စွာကဲ၍**- လွန်စွာပိုရိ၍၊

**ယှဉ်နှဲနှိုးနှော**- တွဲယှဉ်ပေါင်းဖက်တိုင်ပင်ခြင်း။

**ကြည်တတ်စေသည်**- ကြည်ညိုနှစ်သက်ခြင်းကိုပြုစေ့ ရှိသည်။

**နှောင်းကြွင်းဆင်ခြင်**—နောင်ရေးကို ဆင်ခြင် သ ဖြင့်,

နှောဝ်ဖြစ်သားကို စဉ်းစားသဖြင့်။ (တွင်း—ဘျန်ရစ်ခြင်း, နှောက်ကျကျန်ရစ်ခြင်း။)

**ဂုဏ်ဆောင်မချို့**- ကျေးဇူးဂုဏ်မယုတ်မလျော့။

**ကြံရေးခဲစွာ**- ကြံစည်ပြုလုပ်ရန်ခက်ခဲဖွယ်စွာ။

**ထိမ်းမြူး**- တိမ်မြုပ်ပပျောက်စေသည်။

**ကျိတ်နှက်**—ပေါင်းရောသိပ်သွင်းထားသည်။

**နှီးနွယ်**- ရင်းနှီးစွာ ဆက်သွယ်သည့်(နှီး-ရင်းနှီးစွာ၊ နွယ်-ဆက်သွယ်သည်)

**အဘယ်ကသ်သို့**- အကယ် အစစ် အဟုတ် အမှန် ကဲ့သို့။

**ပြက်ရယ်ချိုးချိုး**-ဟန်ဆောင်ခြင်းကို ချိုးပစ်သည်။ ဟန်မပါ(ပြက်ရယ်-အကယ်မဟုတ် ဟန်ဆောင် မှုဖြစ်ခြင်း)

**နှတ်သာဖြိုးချာ**- နှုတ်မှဖြင့်သာပေးကမ်း မ,စ, လျက် (အပြောကဖြင့် ရွှန်းရွှန်းဝေနေသည်ဟု ဆိုလိုသည်

**ကြံစည်လှို့ဘဝ်**- အကြံကို သူတပါး မသိအောင် ပြုလုပ်သည်။

**ဗျည်းပတ်တတ်သား**- ကိုယ့်ဘက်သို့ပါအောင်ပြုစွမ်းနိုင်သော။

**ယွင်းချွတ်ဖေါက်လွှဲ**—သဘာဝထားဖေါက်ပြန်သော။

**ရှုစဉ်းလဲ**- ကောက်ကျစ်တတ်သူ။ အတွင်းသဘောဖေါက်ပြန်၍ပြုကျင့်တတ်သူ။

**ဝေးစေခင်း**- အဝေးကရှောင်ကွင်းလေမင်း။

## လင်္ကာအဖွဲ့(၃၅)စထားခြင်း

သားမောင်သည် မိမိအား အမြဲ ဆုံးမသော ရှေ့နောက်မြင်သိ။ပညာရှိနှင့် အကျွမ်းတဝင် ပေါင်းသင်း၍ သွားခဲ့ရာ၊ပဉ္စမအရွယ်ငယ်စဉ်ကပင် ဆရာ့ကို ဖူးမြော်မေးလျှောက်ပေ၏။ရိုသေလေးမြတ်လျက် ဆရာနှင့် ဝေးသော်လည်းဆရာ့ကိုမမေ့ထတ်။ဆရာနှင့်တွေ့ပြန်သည်း။အားရတင်းတိမ်သည်ဟူ၍မရှိ၊ ချေးကထက် ပိုမို၍ ပေါင်း ဖက်တိုင်ပင်ခြင်း၊ ကြည်ညို နှစ်သက်ခြင်း တို့ကို ပြုလေ ရှိ၏။ ဤသို့ဖြောင့်မတ်သော သဘောရှိသော သားမောင်သည် နောင်ရေးကို စဉ်းစားသဖြင့်၊ အကျိုး စီးပွား ရှိ၍၊ ဂုဏ်ကျေးဇူး မယုတ် မလျော့၊ ကောင်းရာသို့ ပို့ဆောင်တတ်သော၊လူတို့နှင့်သက်ဆိုင်သော၊ လူကျင့်ဝတ်တရားများကို မပြတ်စုံစမ်း၍ သေသည့် တိုင်အောင် စွဲမှတ်ပါလေ၊ လူအများတို့ တွေ့မြဲဖြစ်သော လောကဓံတရားတို့ကြောင့်၊ ထရံ့တခါ ပိုးရိမ်ကြောင့်ကြခြင်း။ ကြံစည်ပြုလုပ်ရန်အခက်အခဲနှင့်တွေ့ကြုံသောအခါ၊သားမောင်က ချမ်းသာအောင် ပြုဘူးသော ကျေးဇူးကိုလည်း မသိ၊ သူ့ပစ္စည်း ဥစ္စာကို ရေထစက် တပေါက်မျှ မထွက်ရအောင် ကျစ်လစ်စွာ သိမ်းဆည်း၍၊သူတပါး၏ ပစ္စည်းကိုမခုရကြောင်း ချောင်းမြောင်းပူးကပ်ကာ ယူတတ်သော၊ အကယ် အစစ် အမှန်ကဲ့သို့နှုတ်ကသာ ပေးကမ်းမစထတ်သော၊ အကျိုးပျောက်၍ အဆိုးရောက်အောင်၊ ထိမ်လည့်တတ်သော၊ ပင်ကိုယ်သဘောရင်းကို သူတပါး မသိအောင် ဖုံးကွယ် တတ်

သော လုလိမ် လူကောက် ကို အဝေး က ရှောင် ကွင်း လေမင်း၊

* * *

## လက်ာအမှတ်(၃၅)ခက်ဆစ်အပြေး

ပစ္စုဒ္ဒြုံနေ့(ပါဠိ)ယခုဘဝ,ယခုဖြစ်ဆဲအခါ၊ ပစ္စုပ္ပန်ဟူသည် ပစ္စုဋ္ဌန္နဟူသော ပါဠိကိုမှီ၍ ဖြစ်သာသော စကား ဖြစ်သည်)

ချမ်းသာရတန်–ချမ်းသာ ရရန် သင့်လျော်ခြင်း (တန်– သင့်လျော်ခြင်း,ဂုဏ်အင်္ဂါချင်းတူညီခြင်း)

တော်မှန်အကျင့် – ဖြောင့်မှန်သောအကျင့်၊

နက်စံမြှော်သိ – အကျိုးစီးပွားကို သိမြင်းသော (နက်စံ အကျိုးစီးပွား)

ဓာသိ (ပါဠိ)ပွားမြင်သည်,ပွားမြင်ရာအရပ် (ဓာတ်ချက် တွေ့–အကုန်သားဘဲ၊ပွားရာဓာတ်ဟူသည်တို့ကိုရှု)

စီးပွားမြတ်နိုး–အကျိုးစီးပွားကိုလိုလားနှစ်သက်ခြင်း။

အဆဲချစ်ခြင်း၊လေးစေခင်း–များစွာချစ်ခင်လေးမြတ်ပါ လေမင်း။

## လက်ာအမှတ်(၃၅)စကားပြေ

အကြင်သူသည်၊ယခုဘဝနောင်ဘဝ ၂–ပါးလုံး၌ချမ်း သာရရန် ဖြောင့်မှန်စွာကျင့်ခြင်း, ကိုယ်နှင့် သူတပါးအား လည်း၊အကျိုးစီးပွားထပ်တူထပ်မျှဖြစ်အောင် ဆောင်ရွက် တတ်ခြင်း, စိတ်နေ သဘောထား ပြူစင်ဖြောင့်စင်းခြင်း, အကျိုးစီးပွားကို သိမြင်တတ်ခြင်း၊ ထိုဂုဏ်မျိုးနှင့် ပြည့်စုံ

စာပညာရှိကို၊ တပါးမြို့ရွာ၌မွေးဖွား၍ ဝေးကွာသော်လည်း၊ အကျိုးစီးပွားကို နှစ်သက်လိုလားသော အားဖြင့် ထွေအောင်ကြိုးစား၍ အတူနေရသော်၊ အမြဲပေါင်းပေါ်လျက်၊ မှုးမွှာချစ်ခင်လေးမြတ်ပါလေမင်း။ ။

* * *

လက်ာအဖွင့်(၃၆)ခက်ဆစ်အဓိပ္ပာယ်

ပါရမီ-(ပါဠိ)ကူးမြောက်ပေါက်ရောက်ကြောင်းတရား။

ပြည့်ရုံညီ၍-ပြည့်ရုံပြီဖြစ်၍။

နှိုင်းပြိုင်မထင်-ဘက်ပြိုင်သူမရှိ။

ရည်သွားအင်လည်း-ပညာစွမ်းရည်ကိုလည်း။

လူ့တွင်ပြားသွေ-လူ့အဖြစ်နှင့် ကြုံကြိုက်သည် (ပြား-ကြုံကြိုက်သည်, ပေါင်းဖက်မိသည်)

ဖြစ်တော်စွယာ - အဖြစ်တော်စွယာ, အဖြစ်မြတ်လေစွယာ (တော်-မြတ်သည်,သင့်လျော်သည်)

ဒိဗ္ဗာဓာရ - (ပါဠိ)-ဒိဗ္ဗ-နတ်။ အာဓာရ-အရသာ။ (နတ်တို့ ခံစားအပ်သော အရသာ)

နတ်ဩဇာ - နတ်တို့၏ မြိန်မြတ်သော စားသောက်ဘွယ် (သုဓာ"ပါဠိ"မြိန်မြတ်သောစားသောက်ဘွယ်)

ဇိဝှါဝိညာဉ် - ဇိဝှါဝိညာဏ (ပါဠိ) ဇိဝှါ-လျှာ။ ဝိညာဉ်-အသိ။(လျှာ၌အရသာပေါ်ခြင်းတည်းဟူသောအသိ)

နှစ်သာရ - အနှစ်သာရ(သာရ"ပါဠိ"အနှစ်)

စေတ္တာရေကြီး - ချစ်ခင်ခြင်း တည်းဟူသော ဆုလာဘ်ကြီး။

စကျူးရှုးမှီး၍-ကျေးဖူးတင်၍(မှီး-သိုမှီး-သိုထား)
ကောင်းကြီးဆောက်နှင်း-ပေးစေခင်း-ကောင်းကြီးပေး
ပါလေမင်း (ဆောက်နှင်း-ဆောက်သည်+နှင်းသည်
ပေးသည်)

## လင်္ကာအမှတ်(၃၆)စကားပြေ

နဝင်္ဂသြဝါဒနှင့်လျော ၂-ပါးယှဉ်မိရာတွင်၊ ကောင်းမြတ်သော အရသာကို သိရလွယ်သကဲ့သို့ဆရာနှင့် ဇွေ့စဉ်ခဏ္ဍဆရာ၏ ဂုဏ်ကျေးဇူးကို တဆံခြည်မျှမကွယ်၊ သိမြင်လွယ်သော ပညာအမျိုးမျိုးနှင့်ပြည့်စုံသော ဆရာမြတ်ကို၊ ကျေးဇူးလည်းတင်၊ ချစ်လည်းချစ်ခင်လျက်၊ ရှေးဘဝများစွာက ဆည်းပူးခဲ့သည့်၊ နိဗ္ဗာန်သို့ ကူးမြောက် ပေါက်ရောက်ကြောင်းတရားရသည်၊ ပြည့်စုံသည်ဖြစ်၍၊ ဆရာ၏ ပညာစွမ်းရည်ကို ဘက်ပြိုင်သူမမြင်၊ လူ့ဘဝအရတော် လေစွဟု ဆရာ့အားကောင်းကြီးပေးပါလေ၊

❀ ❀ ❀

## လင်္ကာအမှတ်(၃၇)ခက်ဆစ်အဖြေ

ဗဟုဿုတ-(ပါဠိ)ဗဟု-များသော၊သုတ-အကြားအမြင်။
သိပ္ပ - (ပါဠိ)အတတ်။
ဆည်းပူးချာ၍ - ရှာဖွေစုဆောင်း၍။
ထုံးစံခလေ့ကျက် - ထုံးစံကိုလေ့ကျက်၍။
မှတ်ခေါက်ရက်တည့်- လုံးလုံးလျားလျားမှတ်သားသည်
တည်း(ခေါက်ရက်-တစုံတရာကိုမငဲ့ဘဲပြုသည်)
အနက်အနဲ နက်နက်နဲနဲသိတတ်ခြင်း။

အရဲအရင့် – ရဲရဲရင့်ရင့်ပြုလုပ်တတ်ခြင်း။
အကျင့်အယာန်၊ အမှန်အခုတင် – အမူအကျင့်လည်းဖြောင့်မှန်ခြင့်မြတ်လှပေသည်၊
အခြော်အမြင် – အရေးအကြောင်းကိုလည်း မပြစ်မှီ ကြို တင်၍သိတတ်ပေသည်၊
ဂုဏ်အင်ထူးခြား – ဂုဏ်အင်အထူးအခြား၊
ဓိုလ်သူ – လုမိုတ်ဟု ဆိုလိုရင်း ဖြစ်သည်-ထုထယ်ကြီး သောလူရ (မိုတ်-ဗသ"ပါဠိ" ထုထယ်ကြီးခြင်း။ လု မိုတ်-လူထု)
အံ့ရာရှုသား – ငြီးမှမ်းအံ့ဩကြသော၊
မဋ္ဌ – မဋ္ဌသကပန်း (မဋ္ဌသကပန်းကား နန္ဒမူလိုင်ဝန်း ပေါက်သည့်ထင်ရှားသောပန်းဖြစ်သည်)
ပန်းဦး – ပွင့်ခါစပန်း,ပွင့်သစ်စပန်း။
ကြိုင်နံ့မြူးသို – မွှေးနံ့ကြိုင်လှိုင်မြူးထွက်သကဲ့သို့ (မြူး-လွှပ်ရှားမွှေ့ပါးသည်)
ကျေးဖူးသတင်း၊ မွှေးစေခင်း – ကျေးဇူးသတင်းကိုမွှေး ကြိုင်အောင်ပြုလုပ်ထေမင်း။

လက်ခအမှတ်(၃၇)စကားပြေ

များသောအကြားအမြင်၊ အတတ်ပညာတို့ကိုရှာဖွေ၍ ဆရာကောင်းထံ၌ ထုံးစံနည်းနာများကို လေ့ကျက်ကာ လုံးလုံးလျားလျား မှတ်သားခဲ့သတည်း၊ နက်နဲ,ရဲရင့်,ကျင့်ဟန်,တော်မှန်, မြော်မြင်တတ်ခြင်း ဟူသော သုတပါး၌ အမျိုးမျိုးသောဂုဏ်ရည်ကို၊ ဆင်ခြင်တုံ့ဆခြင်းအားဖြင့်

ခွဲခြားဝေဘန်၍ သိစွမ်းနိုင်ပေသည်ဟူ၍၊ လူအားပါင်းတို့ ခြီးမွမ်းအံ့သြ ဘွဲ့သော ကျေးဖုးသတင်းကို ပွင့်သစ်စမဥ္စူ ပန်းခုနံ့သည်၊ သေဖျဘိုင်း မွှေးကြိုင် သကဲ့သို့ ကျေးဖုး သတင်းကို မွှေးကြိုင်အောင်ပြုလုပ်ခြင်းငှါလိမ္မာစေမင်း။

* * *

## သက်ခံအမှတ်(၃၇)ခက်ဆစ်အဖြေ

**အပိဒ်သမ္မည်** – ပညာရှိ ၄-ပါး။ (ကဝိ "ပါဠိ" ကဗျာ လင်္ကာဖွဲ့သိ ပြောဆိုတတ်သူ, စာဆိုးဘဝ်,ပညာရှိ, စာရေးဆရာ)

တဝိ ၄-ပါးကား။

၁။ စိန္တာကဝိ – ကြံ၍တတ်သောပညာရှိ၊
၂။ သုတကဝိ – ကြားကာမျှတတ်သောပညာရှိ၊
၃။ အတ္ထကဝိ – အနက်ကိုမှီ၍တတ်သောပညာရှိ။
၄။ ပဋိဘာဏကဝိ – ထိုးထွင်းတတ်သောပညာရှိ၊

**ဓာနည်-ဆောဓာနည်-ဆောဓာနေယျ** (ပါဠိ)အထူးသဖြင့် တတ်သိထိမ္မာသူ(အာ-လွန်စွာ။ဇာနေယျ-သိသည်)

**သဓာရိပ်ငြိမ်** – ချမ်းသာစွာစံနေရသော အဆောက်အဦး နန်းတော်(ရိပ်-အရိပ်-အဆောက်အဦး)

**ဆင်္ဂါရခုနှစ်၊ဘျေးရှုးနှစ်နှင့်**-ကျေးဖုးပြုတတ်သောတရား ခုနစ်ပါး(အပရိဟာနိယ ခုနစ်ပါးကိုဆိုသည်)

**မင်းနှင့်ဆိုင်သောအပရိဟာနိယတရားခုနစ်ပါးတား**

၁။ သန္နိပါတ–တနေ့သုံးခါစည်းဝေးခြင်း။
၂။ သမဂ္ဂ–အမှုအရေးကို အညီအညွတ်ရွက်ဆောင်ခြင်း။

၃။ ပညတ္တိပဋိပဇ္ဇနံ—ရှေးမင်းတို့ ပညတ်သော ထုံးတမ်းကို မပျက်ဘဲကျင့်ခြင်း။

၄။ သုဝစ—ပညာဂုဏ်ကြီးသူတို့ ဆုံးမရာကို လိုက်နာခြင်း။

၅။ အပသယှ—အမျိုးသမီးတို့ကို အနိုင် အသက် မသိမ်း ယူခြင်း။

၆။ ဗလိ—နတ်တို့ကိုထုံးစံအတိုင်း ပသပူဇော်ခြင်း။

၇။ ဂုတ္တိ—ရသေ့ရဟန်းတို့ကို ခြိမ်းခြောက် စောင့် ရှောက် ခြင်း။

**ရန်စစ်အောင်ခြင်း၊ ခလေးအသွယ်အကျင့် — ရန် စစ် အောင် ကြောင်း ၄-ပါးသောအကျင့်။**

**ရန်အောင်ကြောင်းတရား ၄-ပါးကား၊**

၁။ သစ္စ—စကားမှန်ကန်ခြင်း။

၂။ ဓမ္မ—စုံစမ်းဆင်ခြင်မြော်မြင်တတ်သောပညာ။

၃။ ဓိတိ—အခါမပြတ်ဝီရိယရှိခြင်း။

၄။ စာဂ—အသက်ကိုစွန့်၍ဝံ့စားစွာပြုခြင်း။

**လေးဆင့်သင်္ဂြိုဟ် — ထောက်ပံ့ခြင်း ဟူသော သင်္ဂဟ တရားလေးပါး(သင်္ဂြိုဟ်-သင်္ဂဟ-ထောက်ပံ့ခြင်း)**

**မင်းတို့ကျင့်အပ်သောသင်္ဂဟတရား ၄-ပါးကား။**

၁။ သဿမေဓ—ကောက်ပဲစသောအခွန်ကို ဆယ်ဘို့တဘို့ ယူခြင်း။

၂။ ပုရိသမေဓ—အမှုထမ်းတို့အား ၆-လ တကြိမ် မျိုး ရိက္ခာပေးခြင်း။

၃။ သမ္မာပါသ—သူဆင်းရဲတို့အား အတိုးမရှိအရင်းအနှီး ပေး၍ ၃-နှစ်ကြာမှ အရင်းအတိုင်းသာခံယူရခြင်း။

၄။ ဝါစာပေယျ—သာယာချေငံစွာခေါ်ဝေါ်ပြောဆိုရခြင်း။

ဂတိစ လေးသွယ် - အဂတိတရား ၄-ပါး (လက်ာ အမှတ် ၁၂-ကိုဖြန့်ကြည့်)

မွှတ်ဘွယ်ဘွယ်၌ - မှတ်သားဘွယ်အမျိုးမျိုး၌၊

သက်ာဝရောက်ဆေး၊ စင်စအောင်မေး၍ - ယုံမှား ခြင်း ပျောက်ကင်းအောင် မေးမြန်း၍ (သက်ာ "ပါဠိ"-ယုံမှားခြင်း)

ကျင့်စရေးချေမှုသုံး၊ ကျင့်ဖြွထုံးကို - ကျင့်မြဲထုံးစံ အရေးအရာတို့ကို။

နှလုံးပိုက်သွင်း၊ ဝင်စေမင်း-နှလုံးသွင်းနိုင်စေမင်း။

## လက်ာအမှတ်(၃၈)စကားပြေ

ကာမ ၄-ပါးနှင့် ပြည့်စုံသော ထူးကဲစွာသိတတ်သော သရာကောင်း သရာမြတ်ထံ၌၊အမြဲမပြတ် နည်းနာခံယူ၍၊ ယခုထက်ရှိ ထိုးနှန်းစည်းစိမ် တန်ခိုးဂုဏ်သိမ် တို့သည် ကား၊ ရှေးက ပြုဘူးသော ကောင်းမှုကံ၏ အကျိုးသက်သက်သာ ဖြစ်ပေသည်၊ ထိုကောင်းကျိုးမှုထပ်ဖန်၊ ပြန့်ပွား တိုးတက်လာစေကြောင်းဖြစ်သော အပရိဟာနိယတရား ၇-ပါး။ ရန်စစ်ဆို အောင်စေ တတ်သော တရား ၄-ပါး၊ ပြည်သူ ပြည်သား တို့အား ထောက်ပင့်ခြင်း ဟူ သော သင်္ဂဟတရား ၄-ပါး။ မမှားမယွင်း ထိုက်သော အဂတိ လေးပါး အစရှိသော မှတ်သားဘွယ် အမျိုးမျိုး၌၊ ဆိုလို ချက်ကို ထင်ရှားစွာမသိခဲ့သော်၊ယုံမှားခြင်း ပျောက်ကင်း

အောင်၊ ဆရာမြတ်အား မေးမြန်း၍၊ ကျင့်မြဲထုံးစံ အရေး အရာတို့ကို နှလုံးသွင်းနိုင်စေမင်း။

လင်္ကာအမှတ်[၃၉]ခက်ဆစ်အဖြေ

**မြည်၏ကိစ္စ**—တိုင်းပြည်၏အမှု (ကိစ္စ - ဆောင်ရွက်ဘွယ် အမှု)

သတ္တင်္ဂ—(ပါဠိ) သတ္တ+အင်္ဂ။ သတ္တ— ခုနစ်။ အင်္ဂါ—ဖြစ်ကြောင်း(ပြည်၏အင်္ဂါ ၇-ပါးကိုဆိုသည်၊ရဇ္ဇင်္ဂ ၇-ပါး ဟူ၍လည်းခေါ်သည်)

ပြည့်အင်္ဂါ ၇-ပါးကား။

၁။ သာမိ—ပြည့်ရှင်မင်း။

၂။ အမစ္စ—အမတ်၊

၃။ သခါ—အဆွေ ခင်ပွန်းကောင်း ဖြစ်သော မဟာမိတ် မင်း။

၄။ ကောသ—ကျီ ဘဏ္ဍာ (၄၀၉၆—တင်းမျှဝင်သော အဆောက်အဦးကိုကျီဟု ခေါ်သည်၊ ငွေ၊အောက် အငယ်ကိုကား၊ ဘဏ္ဍာဟုခေါ်သည်)

၅။ ဒုဂ္ဂ—ခိုင်ခံ့သောကျုံး၊မြောင်း၊မြို့ရိုး၊

၆။ ရဋ္ဌ—တိုင်းနိုင်ငံ၊

၇။ ဗလ—ရဲမက်ဗိုလ်ပါ။

**ထဉ်ထန်သမုဒ်**— ရေအယဉ် ပြင်းထန်သော သမုဒ္ဒရာ၊ (သမုဒ်ကား—သမုဒ္ဒရာဟူသော ပါဠိကိုမှီ၍ ဖြစ်လာသော စကားဖြစ်သည်)

**ဖြည်းဖျတ်ဖလဲ့သာ**—ဖြေးညှင်း သာယာစွာ တိုက်ခတ် သောလေ၊

ရာဇဒေယျ- သေသူတို့ကိုအမှုစစ်မေးသောမင်း။ (ယမ-ရာဇာဟုဆိုလိုရင်းဖြစ်သည်။ယမမင်း, ငရဲမင်းဟုခေါ်ဝေါ်လေ့ရှိသည်။ယမ-သတိပေးသူ၊ရာဇာ-မင်း)

ပဇ္ဇုန်- သတ္တဝါတို့အားထမင်းပေးသောမိုး(ပဇ္ဇုန္န-ပဇာ-အန္န၊ပဇာ-သတ္တဝါ။အန္န-ထမင်း၊မိုးနတ်ကိုပဇ္ဇုန်နတ်ဟုခေါ်သည်၊

ဝသုန္ဓရီဒေဝီ-(ပါဠိ)ဝသု-ဥစ္စာရတနာ+ဓရီ-ဆောင်သူ+ဒေဝီ-နတ်သမီး၊ဥစ္စာတို့ကို ဆောင်တတ်သောနတ်သမီး။ (မြေကိုဆိုလိုသည်၊)

ရာဇဝတ်ရှစ်ပါးတရား

၁။ သိကြားမင်းကဲ့သို့ ကျင့်ခြင်းတပါး၊ သိကြားမင်းသည် နတ်တို့ကို၊နှိပ်တန်နှိပ်၊ချီးမြှောက်တန်ချီးမြှောက်သကဲ့သို့၊ ပြည့်ရှင်မင်းသည်လည်း၊ မကောင်းသူကို နှိပ်၍ ကောင်းသူကိုချီးမြှောက်ရသည်၊

၂။ နေကဲ့သို့ကျင့်ခြင်းတပါး-နေမင်းသည်မြေးညွှင်းစွာ မိုးရေကို ခန်းစေသကဲ့သို့မင်းတို့သည်လည်း၊ အခွန်ကို ဖြေးညှင်းစွာခံယူကုန်ရာသည်၊ ၎င်းနည်း....မင်းတို့သည်ထခါတရ နေကဲ့သို့ ခတ်ကြမ်းကြမ်း ကျင့်သင့်လျှင်၊ကျင့်ပေးရသည်၊

၃၊ လကဲ့သို့ကျင့်ခြင်းတပါး-လပြည့်ဝန်းသည်၊ မြင်သမျှသော လူအပေါင်းတို့အား ဝမ်းမြောက်စေသကဲ့သို့ ပြည့်ရှင်မင်းတို့ သည်လည်း ရှင်လန်း သာယာစွာ ပြောဆိုသဖြင့်၊ တိုင်းသူ ပြည်သား တို့အား ဝမ်းမြောက်ခြင်းကို ဖြစ်စေကုန်ရာသည်၊

တနည်း.....မင်းတို့သည် နေကဲ့သို့ချည်းမကျင့်ဘဲ၊ လ, ကဲ့သို့အေးသောသာကျင့်ပေးရသည်။

၃၊ လေကဲ့သို့ကျင့်ခြင်းတပါး–လေသည် သတ္တဝါတို့၏ ကိုယ်တွင်းသို့ဝင်၍သွားသကဲ့သို့ ပြည့်ရှင်မင်းတို့သည်လည်း။ တိုင်းသူပြည်သားတို့၏တကယ့်အဖြစ်သနစ်ကို ကိုယ်တိုင်သိအောင်ပြုကျင့်ရသည်။

၅၊ ယမမင်းကဲ့သို့ကျင့်ခြင်းတပါး–ယမမင်းသည်–သူ့လူကိုယ့်လူမှုန်းသူချစ်သူမရှိ–ရောက်လာသူမှန်သမျှအား ကံနှင့်လျော်စွာစီရင်သကဲ့သို့ ပြည့်ရှင်မင်းတို့သည်လည်း မျက်နှာကြီးငယ်မထောက်ဘဲ၊ အမှုအားလျော်စွာ စီရင်ကျင့်ရသည်။

၆၊ သမုဒ္ဒရာကဲ့သို့ ကျင့်ခြင်းတပါး– သမုဒ္ဒရာသည် ရေကိုမတောင့်တသကဲ့သို့ ပြည့်ရှင်မင်းသည်လည်း၊ဥစ္စာကိုမတောင့်တဘဲ ထုံးစံအလျောက် ရထိုက်သမျှကိုသာ ခံယူရသည်။

၇၊ မြေကဲ့သို့ ကျင့်ခြင်းတပါး–မြေကြီးသည် သတ္တဝါ၊ အပေါင်းတို့ မှီခိုရာဖြစ်သကဲ့သို့ ပြည့်ရှင်မင်းသည်လည်း၊ပြည်သူအပေါင်းတို့၏မှီခိုအားထားရာဖြစ်အောင်ကျင့်ရခြင်း။

၈၊ မိုးကဲ့သို့ ကျင့်ခြင်းတပါး–မိုးသည်သတ္တဝါ အပေါင်းတို့အား မိုးရေဖြင့် အလိုပြည့်ဝစေ သကဲ့သို့ ပြည့်ရှင်မင်းတို့သည်လည်း အမှုထမ်း, အရာထမ်း, တို့အားမျိုးရိက္ခာအဝတ်အစားဖြင့် အလိုပြည့်စေရခြင်း။

သူကြီးကျင့်မှု၊ ဂုဏ်ခြောက်ခု အကြီး အမှူးတို့ ကျင့်ရာသောဂုဏ်ခြောက်ပါး။နာယကဂုဏ် ၆–ပါးကိုဆိုသည် (နာယက"ပါဠိ"အကြီးမှူး)

## နာထကရဏ ၆-ပါး ကား

၁။ ခမာ—သည်းခံခြင်း။

၂။ ဇာဂရိယ-နိုးကြားခြင်း။

၃။ ဥဋ္ဌာန—ထကြွလုံ့လရှိခြင်း။

၄။ သံဝိဘာဂ—ဝေဘန်ခွဲခြမ်းခြင်း။

၅။ ဒယာ—သနားချစ်ခင်ကြင်နာခြင်း။

၆။ ဣက္ခနာ—ပညာရှိတို့ကိုဆွေးနွေးမေးမြန်းရခြင်း။

ဆယ်ခုစခန်း- ဆယ်ပါးသောမင်းကျင့်တရား၊ (ဓမ္မ"ပါဠိ" တရား)

## မင်းကျင့်တရားဆယ်ပါးကား။

၁။ ဒါန—အလှူခံတို့အားပေးကမ်းခြင်း။

၂။ သီလ-သီလဆောက်တည်ခြင်း။

၃။ ပရိစ္စာဂ—စွန့်ကြဲပေးကမ်းရခြင်း။

၄။ အဇ္ဇဝ—သဘောထားဖြောင့်မတ်ခြင်း။

၅။ မဒ္ဒဝ—သဘောယာနူးညံ့စွာပြုလုပ်ပြောဆိုခြင်း။

၆။ တပ—ဥပုသ်သီတင်းကျင့်သုံးဆောက်တည်ခြင်း။

၇။ အကောဓ-အမျက်ဒေါသမရှိခြင်း။

၈။ အဝိဟိံသ—ပြည်သူတို့အားမညှဉ်းဆဲခြင်း။

၉။ ခန္တီ—သည်းခံခြင်း။

၁၀။ အဝိရောဓန-ပြည်သူတို့အလိုနှင့်မဆန့်ကျင်စေခြင်း။

ဗလငါးတန်-မင်းတို့၏ အားငါးပါး။ [ဗလ"ပါဠိ"အား]

## ဗလငါးတန်ကား။

၁။ ဗာဟုဗလ-လက်ရုံးအား၊

၂။ ဘောဂဗလ—ပစ္စည်းဥစ္စာအား၊ (ဘဏ္ဍာရေး အင်အား)

၃။ အမစ္စဗလ—မှုံးမတ်ကောင်းနှင့် ပြည့်စုံခြင်းအား။
၄။ အဘိဇစ္စဗလ—မင်းမျိုး မင်းနွယ် ဖြစ်ခြင်း တည်း ဟူသောအား။
၅။ ပညာဗလ—ညာဏ်ပညာအား။

စွမ်းအနည်းသုံးကြောင်း—အစွမ်းသတ္တိ ၃ ပါး(သတ္တိ"ပါဠိ" အစွမ်း။)

အစွမ်း သုံးပါးကား။

၁။ ပဘာဝသတ္တိ—အစိမ်းအကျက် မရွေး ရာဇဒဏ်ပေး ခြင်း။
၂။ ဥဿာဟသတ္တိ—စပါးဆန်ရေ၊ ဥစ္စာ အခမ်းအနား ကို အားထုတ်ဆည်းပူးခြင်း။
၃။ မန္တသတ္တိ—ပညာရှိတို့နှင့်တိုင်ပင်ခြင်း။

မကြားထောင်းသေး- လုံးလုံးလျားလျား မကြားဘူးသေး သော(ထောင်း—လုံးလုံးလျား လျားဖြစ်စေသည်)

လက်ခံအမှတ်(၃၉)စကားပြေ

ထိုမှတပါး တိုင်း ပြည် ဖြစ်ကြောင်း၊ ပြည့်၏ အင်္ဂါ ၇-ပါးကိုလည်း၊တချမကျန် သိမြင်ပါလေ။ ရေအယဉ် ပြင်းထန်သောသမုဒ္ဒရာကဲ့သို့ကျင့်ခြင်း။ ဖြည်းညှင်းသော လေကဲ့သို့ကျင့်ခြင်း။ ယမမင်းကဲ့သို့ကျင့်ခြင်း၊ နေကဲ့သို့ ကျင့်ခြင်း။လ-ကဲ့သို့ကျင့်ခြင်း။မိုးကဲ့သို့ကျင့်ခြင်း။ မြေ ကဲ့သို့ကျင့်ခြင်း၊သိကြားမင်းကဲ့သို့ကျင့်ခြင်း။၏ရာဇဂုဏ် ရှစ်ပါးတို့သည်လည်း မင်းတို့၏ မှတ်သားပြုကျင့်ဘွယ် တည်း၊နာယကဂုဏ် ၆-ပါး၊မင်းကျင့်တရား ၁၀-ပါး၊မင်း တို့၏အင်္ဂါပါး။မင်းတို့၏ ·အစွမ်း သတ္တိ ၃-ပါး နှင့်

မကြားရဘူးသေးသော အခြားနည်းသစ် နည်းကောင်း အများအပြားတို့ကိုလည်း။ မေးမြန်းရှာဖွေမှတ်သား၍ ယုံမှားခြင်းကင်း အောင်ပြုလုပ်နိုင်စေမင်း၊

× × ×

## လင်္ကာအမှတ်(၄၀)ခက်ဆစ်အဖြေ

ယောကျ်ားတကာ - ယောကျ်ားအများ(တကာ "ပေါရာဏ"အများ)

တတ်အစပ်လှသား- တတ်သင့်လှသော (အပ်ကား-အကျကြိုးယာထည်၊ အပ်-သင့်ခြင်း၊ထိုက်ခြင်း။

သိမ္မရတနာ- ချစ်နှစ်သက်ဘွယ်သောအတင်။

ဆင်မြင်းမွေးတု- ဆင်စီးအတတ်, မြင်းစီး အတတ် မှာလည်း။

သန္တာရရင့်ညောင်း-ရေးဘာဝတို့က ဖြည့်ဆည်း ခဲ့ သည့်ဖြည့်စုံခြင်းရှိသော (သန္တာ-သန္တာရ"ပါဠိ" ဖြည့်စုံခြင်း)

ရင့်ညောင်း- အချိန်ကြာမြင့်ခြင်း။

ထုံမွဲထောင်းသား - အတုမရှိသော, ပြိုင်ဘက်ကင်းလှသော။

စောလောင်း-အလောင်းမင်း (လောင်း-အလောင်း အလျာ၊စော-မင်း)

ရန်နှင်း-(ပေါရာဏ)မင်း,ဘုရင်။

ဥတိန်မင်း- ဥတိန်မင်း,ဥတေနမင်း၊ (ဥတေန, မင်းသည့်

ဆင် အတတ်၌ ထဘက်ကမ်းခတ် တတ်မြောက်သည် ဖြစ်၍။ ဆင်ကိုလာစေလိုလျှင် မန္တာန်ရွတ်၍ စောင်းတီးသော် ဆင်များလာကြရ၏။ သွားစေ လို သော် သွားစေတတ်သောမန္တာန်ကိုရွတ်၍စောင်းတီးသော် ဆင်များပြန်သွားကြရ၏)

ဌန်-တက်ကြွသည်,ထွမ်းမိုးသည်။

ခေါင်ပဏ္ဍိတ်ဖျာ-ပညာရှိအခေါင် အထွတ်ဖြ(ပဏ္ဍိတ်-ပဏ္ဍိတ - ပညာရှိ။)

ကျိတ်လိတ်-ခက်ခဲသည်။

ဥပဒေ-ဥပဒေသ-(ပါဠိ)နည်း,လိုက်နာရန်ညွှန်ကြားချက်။

တစ်နေလုံးခြုံ- အလုံးစုံခြုံ၍တတ်နေရမည်၊

စီရင်တုံ၌-စီရင်သောအခါ၌,ပြုလုပ်သောအခါ၌။

စီးနင်းဘွယ်လည်း- စီးနင်းပုံအမျိုးမျိုးကိုလည်း။

တင့်တယ်ပြီသ- တင့်တယ်စွာပြသမှု။

ဓာရဏ[ ပါဠိ ]ဆောင်သည်,မပြတ်ပြုသည်။

လေ့သမကင်း-လေ့ကျင့်ခြင်း မကင်းသဖြင့်၊

ချွင်စေမင်း - ကျင်လည်တတ်မြောက်စေမင်း။

လက်ခံအမှတ်(၄၀)စကားပြေ

ထိုမှတပါးလည်း ယောကျ်ားမှန်သမျှတို့ သင် သင့်တတ်သင့်လှသောနှစ်သက်ဘွယ်ကောင်းသည့်ဆင်စီး,မြင်းစီးအတတ်တို့မှာလည်း ရှေးဘာဝက ဖြည့်ဆည်း ခဲ့ ဘူးသည့်အတိုင်း၊ ဖြည့်စုံခြင်းရှိသော ဆင် အတတ်၌ ပြိုင်ဘက်မရှိသော ရန်သူကိုနှိမ်နင်းနိုင်သည့် ဥတိန်မင်းဟူ၍

အပြည့်ပြည့်ဋ္ဌဖွံ့လွမ်းမိုးကျော်စောဖွယ်သော ပညာရှိ အခေါင် အထိပ်သည်၊ခက်ခဲစွာသင်ယူရသောနည်း ဥပဒေ အလုံးစုံ ကိုတတ်ထားရမည်။ဆင်စီးပွဲ,မြင်းစီးပွဲကို စီးရင်ခင်းကျင်း သောအခါ၌လည်း။စီးခြင်းအမျိုးမျိုးတို့ကို ပြည့်စုံအောင် ထင့်တယ်စွာပြသလေ။ထိုအတတ်မျိုးကို အမြဲလေ့လာ၍ တတ်မြောက် ကျင်လည်ပါစေမင်း။

× × ×

လက်ခအမှတ်(၄၁)ခက်ဆစ်အပြေ။

သံသရာစက်- အဖန်တလဲလဲ ကျင်လည် ဖွဲ့ပတ်တတ် သောစက်ဝန်း[သံသရာ "ပါဠိ" အဖန်တလဲလဲ ကျင် လည်တတ်သော ဖြစ်စဉ်။စက်-စက္က ဟူသော ပါဠိမှ ပျက်ယွင်းလာသော ပါဠိပျက်စကား။ စက်-အဝန်း, အဝိုင်း];

ဝါသနာ [ပါဠိ]အလေ့,အထုံ၊

ကြွအးကြွားသစ္ဆေ့-ကြွားကြွားသမျှ(ရွေ့- အထိ,အမျှ)

နေ့လည်းမခြွ- နေ့လည်းမကွာ (စဉ်-ဟု ဆိုရ မည်ကို ကာရန်ကိုင်၍စဥ္စ်ဟုဆိုသည်)

ပြောဆိုကျွမ်းလည်း-ပြောဆိုကျွမ်းဝင်သော်လည်း၊

သိခင်- အသိဖွဲ့၍ ဆည်းကပ်ခစား အပ်သောသူ,သိအပ် ခင်အပ်သောသူ(သိခင်ကို သခင်ဟု ရေးလေ့ ဘတ် လေ့ပြောလေ့ရှိကြသည်။သခင်-မြင့်မြတ်သောသူ)

ထဲနက်ရေးခြား-ထူးခြားနက်နဲသောအရေး။

မကြွားစေချင်၊ မမြင်စေထို၊ ခဆိုစေမှု - မကြွားစေလို

မမြင်စေလို၊ မဆိုတတ် မပြောတတ် အ-နေစေ ချင်သလို။
လျှာမဲ့ငါးသို - လျှာမရှိသောငါးကဲ့သို့။
တစွန်းမပွား - တစွန်းမျှမပြောလေနှင့်,တစွန်းမျှမပေါက်ကြားလေနှင့်။
ခင်းစကားကို - မင်းပြောသိုသောစကားကို။
ပိုက်သစ်းဝမ်းတွင်း - ဝမ်းထဲ၌ထား၍,စိတ်ထဲ၌ထား၍။
ကျောစေမင်း - ပပျောက်သွားစေမင်း။

လင်္ကာအမှတ်(၄၁)စကားပြေ။

အဘန်တလဲလဲ ကျင်လည် တတ်သော သံသရာဘဝ အဆက်ဆက် က လေ့ကျက် ဆည်းဘူး ခဲ့ သော အထုံကြောင့်၊ ပညာရှိ သူတော်ကောင်း တို့သည်၊ အကျိုးသင့်အကြောင်းသင့်တုံးပုံနှင့်တကွ ဆုံးမသောကျေးဇူးစကားများကို၊ ကြားသိရသမျှ နှုံးညာမပြတ်၊ နှစ်သက်စွာ မှတ်သား၍၊ထိုဆုံးမစကားအကျိုးကျေးဇူးများကို မေးမြန်းရှာဖွေပါလော၊ သားမောင် သည် မင်းနှင့် ကျွမ်းဝင်သူ ဖြစ်သော်လည်း၊ မိမိအပေါ်၌ကြည်ဖြူသော အရှင်သခင်သည် အပြင်လူများ မကြား, မမြင်, မသိစေချင်သော၊ လျှို့ဝှက်အပ်သည့် အတွင်းအရေးအခင်းတခုခု၌၊သတိဖြင့်ဆင်ခြင်မြော်ရှုကာ၊မင်း၏အရိပ်အကဲကို သိသည့်အတိုင်း၊မျက်စိကန်းသဖြင့်-မမြင်ရသကဲ့သို့ရင်း၊ နားပင်းသဖြင့်မကြားရတိသကဲ့သို့ရင်း၊လျှာမရှိသောငါးအတူ-သူအ-ဖြစ်သကဲ့သို့ရင်း၊ကျင့်ကြံနေလိုင်၍ သားမယား အဆွေခင်ပွန်း၊တို့က

မေးမြန်း သော်လည်း၊ တခွန်းတလေမျှ မပြော ဆိုဘဲ မင်း စကားများကို နှလုံးမိဘ်ခမ်းထဲ၌သို သိတ်ထားချ်၍မိတ်ထဲ ၌ပင်၊ ပပျောက်သွားစေခင်း။

လက်ခအမှတ်(၄၂)ခက်ဆစ်အဖြေ။

ရန်သူငြိုးဘက်–ရန်ငြိုးထားသူ။

အန္တရာယ် - အန္တရာယ(ပါဠိ)ဘေး။

အကြာသ်မျက်မြင် - အမှန်သိမြင်ခြင်း။

စိုးစဉ်းထင်ရှု - အနည်းငယ်မြင်မှု, အရိပ်အရောင်မျှမြင်မှု (ထင်-မြင်သည်)

သေချင်အရေး သေရေးရှင်ရေး, အသေခံသင့်-မခံသင့် သောအရေး။

စွန့်အံ့သည်ဘု- အသေခံမည်ဟု, အသက်စွန့်မည်ဟု။

ဆောက်ဘည်သောချောက် - မိတ်ဆုံးဖြတ် ထားသည့် အသိုက်။

ကုမ္ဘာဏ်ယံကျွ၊နာဂခြံခသင့်- ကုမ္ဘာဏ် ဟူသော ဘီလူး တမျိုး၊ဘီလူး, နဂါး-သို့မဟုတ် ဆင်, ခြံသော့ (နာဂ "ပါဠိ"နဂါးနှင့်ဆင် ၂-မျိုးဟောသည်)

အဇ္ဈာန်ဓနောင်လော - နောင် လာ နောက် သား အပေါင်း (အဇ္ဈာန် တပေါင်းတည်း ဖြစ်ခြင်း, ်တရ တရုံး တည်း ဖြစ်ခြင်း)

ဥဒါန်း- ဥဒါန(ပါဠိ) အစဉ်အဆက်ပြောဆိုသောစကား။

စေတ်ဘွန်း - နောင်အစဉ် အလာ မှတ်သား ကြရန် ရေး သားထားသောအရာ (စာပေမဟုတ် သော်လည်း စာ

ရင်းအင်းများကိုလည်း မေ့ကွန်းဟုခေါ်နိုင်သည်)

လက်ခအမှတ် ၄၂ စကားပြေ။

ငြိုးသူရန်ဘက်တို့၏ အနှောက် အရှက်ဘေးအန္တရာယ်သည်၊ အမှန်မျက်မြင် အားဖြင့် အနည်းငယ်မျှ ထင်ပေါ်လာမှု အသေခံသင့်၊ မခံသင့်ဟု တွေးတော၍မနေဘဲ အသက်စွန့်မည်ဟု အဓိဋ္ဌာန်ပြုထားချက်အရ၊ အသက်စွန့်ရန်-အခွင့်ရောက်လာမှုအရှင့်အမှုကို ထမ်းရာ၌ ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိဘဲ၊ ကုန္တကာ်၊ ဘီလူး၊ နဂါးခြင်္သေ့ တို့နှင့် ရင်ဆိုင် တွေ့ရသော်လည်း နောက်သို့မဆုတ်ဘဲ အသေခံ၍ထိုက်ခိုက်ပါလေ့။ နောက်သားနောင်လာလူများစွာတို့ အစဉ်အဆက် ပြောဆိုကြသောစကားသည်၊ ကမ္ဘာပေါ်၌အစဉ်ထွန်းသကဲ့သို့မေ့ကွန်းတခုဖြစ်ရစ်ပါစေမင်း

× × ×

လက်ခအမှတ်(၄၃)ခက်ဆစ်အပြေ။

အနီးအဝေး............ပြုဖွယ်ဖွယ်၌-အနီး၌ပြုအပ်သောအမှု၊ အဝေး၌ ပြုအပ်သောအမှု။ အနှေးပြုအပ်သောအမှု၊ အလျင်အမြန် ပြုအပ်သောအမှု။ စီရင်အပ်သော အမှု၊ မစအပ်သောအမှု၊ ပေးကမ်း အပ်သော အမှု၊ ဝေငှအပ်သောအမှု၊ စေလျှင်သွားအပ်သောအမှု၊ ခေါ်လျှင်လိုက်ပါအပ်သောအမှု၊ အရဋ္ဌာနလျှော်စွာ ကြီးသောအမှု၊ ငယ်သောအမှု တည်းဟူသော ပြုဘွယ်အမျိုးမျိုး၌၊

လိုမယ်ကိစ္စ၊ မရှုသမျှ၌ - လိုမည့်အမှုကိစ္စဟူသမျှ၌၊ (ကိစ္စ "ပါဠိ" ပြုဖွယ်အမှု၊ မယ် မည်)
အားရ အောင်အောင် - စိတ်တိုင်းကျအောင်, အလိုကျအောင်။
ရည်ခေါင် - ကြီးရွယ်သည်။
ကြိုးသောခါလည်း - လုံ့လ ထုတ်၍ ပြုလုပ်သော အခါ၌လည်း။
သဘောဟုတ်ဖြင့် - ဟုတ်မှန်သောစိတ်ထားဖြင့်။
မယုတ်မလွန် - မလျော့,မပို။
သမာဓိ - [ပါဠိ] တည်ကြည်ခြင်း။
သတိငုံဆည် - သတိထား၍၊
ဆံခြည်တတန်း - ဆံခြည်ထမျှင်။
တင်မြစ်လွတ်ကင်း ကွာခေမင်း၊ - အပြစ်တင်ခြင်းလွတ်အောင်ပြုလုပ်ရမည်မင်း [ကွေ-ကွာသည်]

ဆက်ခအမှတ်(၄၃)စကားပြေ

အနိုး၌ပြုအပ်သော အမှု၊ အစေး၌ ပြုအပ်သော အမှု၊ အနှုးပြုအပ်သော အမှု၊ အမြန်ပြုအပ်သော အမှု၊ စီရင်အပ်သောအမှု၊ မစအပ်သောအမှု။ ပေးကမ်း အပ်သော အမှု။ ဌပေ အပ်သော အမှု။ စေ လျှင်သွားသော အမှု။ ခေါ်လျှင် လိုက်ပါ အပ်သော အမှု။ အရာ ဌာန အလျောက် ကြီးသောအမှု။ ငယ်သော အမှု တည်းဟူသော ပြုလုပ်ဘွယ် အမျိုးမျိုး၌၊ လိုမည့်ကိစ္စဟူသမျှကို အရှင်သခင် အားရနှစ်သိမ့်အောင် ကြီးရွယ်၍ လုံ့လထုတ်ကာပြုလုပ်သော အခါ

တိုင်း၌။ ညီညွှာအားထုတ်။ ဟုတ်မှန်သောစိတ်သဘောထား ဖြင့် မလျော့မဘို တောင်းမှန်းဖြောင့်စင်း။ မမှားမယွင်းစေရ အောင် သတိပြု၍ ဘည်ကြည်စွာ ဆောင်ရွက်လေ၊ စောင့် စည်းအပ်သည်ကား။ အရှင်ဥစ္စာကို ဆံခြည် မျှင်ခန့် မလို ချင် မမက်မောခြင်းပင်ဖြစ်သည်၊ ဤကဲ့သို့ လောဘ ကို မြစ်ဘားပြီးလျှင် အပြစ်တစ်ခြင်းမှလွတ်မြောက်အောင် ပြု လုပ်ရမည်မင်း။

* * *

## လင်္ကာအမှတ်(၄၄)ခက်ဆစ်အပြေ။

လျှို့ဝှက်ထဲကြီ– ဝမ်းထဲက လျှို့ဝှက်သော အကြံ အစည်။ လျှို့ဝှက်အပ်သော ဝမ်းတွင်းက အကြံအစည်။

နက်စံ– အကျိုးစီးပွား။

နှီးနွှယ်–(လင်္ကာအမှတ် ၃၄ ၌ဖြေခဲ့ပြီ။)

သိအောင်ရှယ်ရူ– သိအောင်ပြုလိုသော်၊

ပွဲကျယ်အရပ်– ပွဲအကြီးအကျယ်အရပ်, အစည်းအဝေး အကြီးအကျယ်ပြုလုပ်ရာအခါ၌၊

မတင့်–မသင့်မတော်,မလျော်မလျောက်ပတ်၊

ကြည့်၍မမြော်၊ နားမသေစ်ကြား– ကြည့်၍လည်း မမြင်။ နားထောင်၍လည်းမကြား။

လိုမှုများကို – သိလိုသောအမှုအရေးများကို။

ဝှက်ထားမြှုပ်ချိတ်– သိသိသာသာသည်းသည်းဝမ်းထဲ၌ ဝှက် ထားခြင်း။

တိတ်တိတ်ဖှက်ခြင်း၊ မြွစေမင်း-ဝိပြားစွာ သို ဖှက် ထား ခြင်းဌိုင်မြစေမင်း။

## လက်ခအမှတ်(၄၄)စကားပြေ။

သူတပါး၏ပုံးကွယ်အပ်သော အကြံအစည် အစွမ်း သတ္တိ အကြောင်းအရာကို ရင်းနှီးစွာဆက်သွယ်၍ ငင်း၊ ပုန်းကွယ်၍ရှင်း။ သိအောင်ပြုလုပ်လိုသော်၊ လူအစည်း အဝေးကြီးပြုလုပ်ရာ၌ရင်း၊ လူမြင်သူမြင် တင့်တောင့် တင့် တယ် မခံသောအရပ်၌ရင်း၊ သူနှင့်အတူတကွ နေထိုင်ရုံနှင့် သူ့အကြံကိုမသိရ။ ကြည့်ရှု၍ သည်းမကြားရ ဖြစ်ခဲ့ပါလျှင်။ ထိုသို့သောအမှုအရေးများကို သူတပါးမသိအောင် သိပ် သိပ်သည်းသည်း ဝမ်းတွင်းကကြံခြင်းဖြင့်သို ဖှက်ခြင်းဌိုင် မြစေရမည်မင်း။

× × ×

## လက်ခအမှတ်(၄၅)ခက်ဆစ်အဖြေ။

ခပ်သိမ်းကိစ္စ- အလုံးစုံသော ပြုဘွယ် အမှုအရေး။ (ခပ် သိမ်း-အလုံးစုံ။)

ညဥ့်ခနဲ့မဟူ- နေ့ညဟူ၍ နေ့ရောညပါ(ဟူ-ဆို)

မေးမြှုံ့ကြောင်းသမိုး- အကြောင်းအရာကို ရအောင်မေး သည်(မြှုံ့-သွေးဆောင်၍ပြုခြင်း)

ရူးစမ်းစာနှာ—ထောက်ဆနိုင်းစာသည်၊

ရှေ့လာနောက်နစ်- ရှေ့နောက်အရေး (နစ်-ဆုတ်သည်, သက်သည်)

ကြံမိစေလော့-ဆင်ခြင်၍ခွဲစိတ်ကြည့်လော့။
မရောက်ခင်က- မရောက်မီက (ခင်-ယှဉ်ခြင်း,ကပ်ခြင်း)
အမြင်မရှိ။တွေးမသိသည်-မမြင်တတ်,မတွေးတတ်,မသိ
တတ်။
ချက်မိစပွင့်။အမြော်အမြင်မရှိသူ,လုံ၀မမြင်သူ,
ဥာဏ်မရင့်-ဉာဏ်နုနယ်သူတို့။
အကျင့်အချင်း။ကွဲစေမင်း—အမူ အကျင့်နှင့် မတူစေနှင့်
မင်း။

## လင်္ကာအမှတ်(၄၅)စကားပြေ။

အလုံးစုံသောပြဿဘယ်အမှုအရေး၌လည်း လုံ့လဝိရိယ မလျော့။ပေါ့ပေါ့ဆဆ သတိလစ်၍မနေဘဲ။ နှေးရောညပါ သတိထားပြီ လျှင်။အကြောင်းအရာကို မေးမြန်း၍ဆင်ခြင် ထောက်ဆ၍ နက်နဲသော ဉာဏ်ပညာဖြင့် ရှေ့ရေး နောက်ရေးကိုတွေးဆဆင်ခြင်၍ ခွဲစိတ်ကြည့်လော့။ မိမိ ကိုယ်ကိုအပြစ်ဆိုဘွယ်ရာအရိပ်အရောင်မပေါ်မရောက် မီက မမြင်တတ်, မတွေးတတ်, မသိတတ်သော ဉာဏ် ပညာနုနယ်သူအမြော်အမြင်နဲသူတို့၏ အမူအကျင့်နှင့် မတူ စေနှင့်မင်း။

ဂန္ထိသာရပျို့ခက်ဆစ်အဖြေနှင့်စကားပြေ

ပြီး ပါ ပြီ။

ရွှေမြိုင်မြင့်မိုး။

၂၀-၉-၅၀-

# အာဘရှစာအုပ်တိုက်တွင်ရနိုင်သော စာအုပ်များ။


| | | |
|---|---|---|
| ဓလာကသာရပျို့ ခက်ဆစ်အဓိပ္ပါယ် | ၆ | ၈ပဲ |
| ဂမ္ဘီသာရပျို့ ခက်ဆစ်အာဖြေနှင့် | | |
| အဓိပ္ပါယ် | ၁ | ၈ |
| ဆဲ့နှစ်ရာသီသုံးတား | ၁ | ၈ |
| နတ်ရှင်နောင်ရတု | ၂ | |
| ဦးပုညမေတ္တာစာဂဏ္ဍိ | ၂ | |
| ယာတောဝါဒဆုံးမစာ | ၁ | ၈ |
| ပုတ္တောဝါဒပျို့ | ၁ | ၈ |
| ဖြည်သူ့နီတိ | ၁ | ၈ |
| မဟောသဓာပဥ္စမတွဲ | ၂ | ၈ |
| မဟာဇနက္က | ၁ | ၈ |
| ဝေသန္တရာ | ၁ | ၈ |
| သုဝဏ္ဏသာမ | ၁ | ၄ |
| မြန်မာရာဇဝင်သစ်ပဌမတွဲ | ၁ | ၈ |
| ဒုတိယတွဲ | ၁ | ၈ |
| တတိယတွဲ | ၂ | |
| ဦးဘသန်းရာဇဝင် | ၃ | |
| ဦးကံမြင့်ရာဇဝင်မဌပတွဲ | ၂ | |

။ ဒုတိယ

။ တတိယ

ရိုးနံ့သာမြိုင်ရှာပုံတော်ကြီး

လက်ဝဲသုန္ဒရ ရတု

ရေသည်ပြဇာတ်

ဝိဇယပြဇာတ်

မဟော်ပြဇာတ်

ရေစကြိုခိုတော်ဖြတ်ထုံး

ဂါမဏိစန္ဒပျို့

ရာမရကန် ဒုတိယ

အံသင်းသမိုင်း

ပုံဝတ္ထုများ

ခေတ်ဆန်းကဗျာ

ကဗျာ့ပန်းကုန်း

ပါပဟိန်ပြဇာတ်

ဒေဝကုမ္ဘာန်ပြဇာတ်

ဩဝါဒထူးပျို့

စိန္တကျော်သူ ရတု

နို့မင်္ဂလာ

| | | |
|---|---|---|
| နို့သရာ | ၂ | |
| ဗေဒင်အသင်းရောင် | ၂ | |
| မွေ့နွှန်းရကန် | ၂ | |
| လောကနီတိပျို့ | ၁ | ၈ |
| ကန်တော်မင်းကျောင်းမေတ္တာစာ | ၂ | |
| ကျည်းကံရှင်ကြီးမေတ္တာစာ | ၂ | ၈ |
| ဝိဓူရဇာတ် | ၁ | ၈ |
| နေမိဇာတ် | ၁ | ၈ |
| သံဝရပျို့ | ၁ | ၈ |


★ ★

၎င်းပြင်-အင်္ဂလိပ်ကျောင်းသုံးစာအုပ်များလည်းအား
ငှါးရရှိနိုင်ပါသည်။


အာရှစာအုပ်တိုက်
၃၂၄-မဂိုလမ်းနှင့်ဗရေဇာလမ်းဒေါင့်
ရန်ကုန်မြို့


● ★ ●

PRICE RUPEES ONE EIGHT